# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်ထုတ်ဝေသည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ စနေနေ့ (19-3-2016) (၈၅၁၀)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# မွန်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရရှိနေ

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က ၄၂ နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ -

**၂၀၁၆ ခုနှစ်၊ မတ်လ ၁၉ ရက်**

ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သော ၄၂ နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "မွန်ပြည်နယ်" အဖြစ်သတ်မှတ်ရန် မူကြမ်းရေးဆွဲစဉ် အတည်ပြုပေးခဲ့သည့် မတ်လ၁၉ ရက်နေ့ကို မွန်ပြည်နယ်နေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၄၂ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

အတိတ်ကာလက မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို အချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်နယ်၏ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသော်လည်း ယနေ့အချိန်တွင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများရရှိနေပြီဖြစ်ရာ

**စာမျက်နှာ ၈ ကော်လံ ၃ သို့**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပူတာအိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

# ဒေသတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုရှိရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် မှာကြား




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဘာသာရေးအဖွဲ့နှင့်ရိုးရာအဖွဲ့များအား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)**

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်ပြီး အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို)တို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာပြီး ကချင်ပြည်နယ် ပူတာအိုမြို့သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇီခန်းမ၌ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု၊ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**


( အဆင့်မြင့် ခြင်လုံဇကာ အမျိုးမျိုး ) ချိုးနှိမ်ဈေး Promotion Up to 10 % Discount ( အဆင့်မြင့် လိုက်ကာ အမျိုးမျိုး )
(March 19 to 21)
Roll-Up ရိုလာ ခြင်လုံဇကာ
Magnetic သံလိုက် ခြင်လုံဇကာ
Motorized Insect Screen
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)
MR.SCREEN
Roller Blind
Vertical Blind
Motorized Blind
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)
Show Room : NO 001 , 8 / North , Lay Daung Kan Street, Tarmwe Lay Ward,Near ILBC and SUPER ONE Supermarket, Yangon , Myanmar ,
PH : 01 400434, 09 45 130 9011, 09 45 130 9012
https://www.facebook.com/Mr-Screen-689060624528879/

ကြေးမုံစာတည်းရှုထောင့် ၁၉-၃-၂၀၁၆၊ စနေနေ့

# သောက်သုံးရေစိတ်အေးရအောင်

တပေါင်း၊ တန်ခူး၊ ကဆုန်လတို့သည် ပူပြင်းသောနွေရာသီကာလဖြစ်သည်။ ပူပြင်းသော နွေရာသီကာလဖြစ်၍ မြစ်ချောင်း၊ အင်းအိုင်များမှ ရေများခန်းခြောက်လာသည်မှာ သဘာဝဖြစ်သည်။ သို့သော် ယခုနှစ်သည် ယခင်နှစ်များနှင့်မတူ၊ ပူပြင်းသော အယ်နီညိုရာသီကာလဖြစ်၍ ရေခန်းခြောက်မှုမှာ ပိုမိုလာမည်ဟု ခန့်မှန်းထားသည်။ လက်ရှိတွင် မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသများရှိ ရေတွင်း၊ ရေကန်များမှ သောက်သုံးရေများ ခန်းခြောက်နေပြီဖြစ်သည်ကို တွေ့ရသည်။

ထိုကဲ့သို့ ရေရှားပါးသည့် အခက်အခဲများကို ပြေလည်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက စေတနာထက်သန်စွာဖြင့် ဝိုင်းဝန်းကူညီပေးနေကြသည်ကိုလည်း မြင်တွေ့ရသဖြင့် အထူးပင် ဝမ်းမြောက်မိပါသည်။ ပုံမှန်အားဖြင့် နွေရာသီကာလတွင် နှစ်စဉ်ရေရှားပါးမှုပြဿနာများနှင့်ရင်ဆိုင်ကြုံတွေ့ရပြီး ရေအခက်အခဲရှိသော ကျေးရွာများအား ဖြေရှင်းပေးနိုင်ခဲ့သည်ကို တွေ့ရသည်။ သို့သော် အလှမ်းဝေးပြီး သွားလာရခက်ခဲသော ကျေးရွာများအတွက်မူ အခက်အခဲများရှိနေဆဲဖြစ်သည်။

ရေရှားပါးမှုနှင့် အများဆုံးကြုံတွေ့ရသော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ သောက်သုံးရေအခက်အခဲရှိနိုင်သော ကျေးရွာ ၂၃၀ ခန့်ရှိသည်ဟု သိရှိရသည်။ ယခုအခါ တိုင်းဒေသကြီးအတွင်း အကူအညီတောင်းခံထားသည့် ကျေးရွာ ၃၇ ရွာသို့ ကျေးလက်ဦးစီးဌာနက ရေကားများဖြင့် နေ့စဉ်သောက်သုံးရေပို့ဆောင်ပေးလျက်ရှိသည်ဟု သိရသည်။ မြို့နယ်အတွင်း မီးသတ်စခန်းများ၊ စည်ပင်ဌာနများမှ ရေကားများဖြင့် ထိုကဲ့သို့အကူအညီပေးနိုင်သောကြောင့် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ပေးနေမှုများမှာ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည့် သဘောသာဖြစ်သည်။ အဆိုပါကျေးရွာများ ရေရှည်ရေအခက်အခဲမရှိအောင်လည်း စီမံကိန်းများ စနစ်တကျရေးဆွဲဆောင်ရွက်သွားကြရဦးမည်ဖြစ်သည်။ အပူပိုင်းဒေသကျေးရွာများမှာ အများအားဖြင့် နွေရာသီကာလတွင် လက်ယက်တွင်းများ၊ စိမ့်စမ်းရေတွင်းများမှ သောက်ရေလောက်သာ ခက်ခက်ခဲခဲရရှိခဲ့ကြသည်။ ဘဝရပ်တည်ရေးအတွက် သောက်ရေလောက်ပင်ရနိုင်သော ထိုကျေးရွာများအတွက် ဦးစားပေးထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

ထိုကျေးရွာများတွင် မိုးရွာသွန်းမှုမရှိသဖြင့် ရေတွင်း၊ ရေကန်များ၌ ရေမရှိနိုင်ချေ။ သက်ဆိုင်ရာက မြေအောက်ရေတူးဖော်ပေးသော်လည်း အောင်မြင်မှုမရှိသော တွင်းက များသည်။ ရေလှောင်ကန်များ ပြုလုပ်ပေးထားသော်လည်း ရေဝင်ရောက်မှုနည်းသည်။ မသန့်ရှင်းသောရေကို အသုံးပြုရသောကြောင့် ပြည်သူများအတွက် ကျန်းမာရေးထိခိုက်မှုရှိနိုင်သည်။ ထိုဒေသများအတွက် ရေပြဿနာမှာ ကြီးမားသောအခက်အခဲများဖြစ်သည်။

ရေရှားပါးသော ဒေသများအတွက် ရေရရှိနိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရမည်ဖြစ်သည်။ ငွေကြေးအရင်းအနှီးနှင့် နည်းပညာအားများကို ရယူကာ ရေနှင့်အလှမ်းဝေးသော ပြည်သူများအတွက် ရေရရှိနိုင်မည့် နည်းလမ်းများရှာဖွေကာ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ရေရနိုင်သော အရပ်နှင့် ရေမရနိုင်သောအရပ်များ၏ အကွာအဝေး၊ မြေပြင်အနေအထားများကို တွက်ချက်ကာ ရေရှိသောဒေသမှ ရေမရှိသောဒေသများသို့ ရေအရောက်ပို့ဆောင်နိုင်သော နည်းလမ်းများကို ထည့်သွင်းစဉ်းစားသင့်သည်။

ရေကြော၊ မြေကြောများကိုတွက်ချက်ကာ မြေအောက်ရေများကို နက်နက်တူးဖော်နိုင်သည့် အနေအထားများနှင့် ပို့ဆောင်ပေးနိုင်သည့်ရေကို ကျေးရွာလူဦးရေနှင့် သုံးစွဲနိုင်မှုအချိန်ကာလ အနည်းအများတွက်ချက်ကာ သိုလှောင်နိုင်မည့်ရေကန်များ တည်ဆောက်ပေးပြီး ရေကို ချွေတာစွာဖြင့် မျှဝေသုံးစွဲပေးသည့် စနစ်များကိုလည်း စဉ်းစားတွက်ချက်ပေးသင့်ပေသည်။

အပူပိုင်းဒေသများရှိ ကျေးရွာများအနေဖြင့် ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာလိုအပ်ကြသည်။ ထိုဒေသများအတွက် ရေသည်သာ အသက်တမျှတန်ဖိုးထား အရေးကြီးသည့်အရာဖြစ်သည်။ ထို့ကြောင့် ထိုဒေသရှိပြည်သူများ၏ဘဝ ထာဝရရှင်သန်နိုင်ရေးအတွက် ရေရရှိရေးနည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်စေရန် တိုက်တွန်းပါသည်။ ။

## ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၈**

ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၂၀၁၆ ကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ လက်ဝတ်ရတနာကုန်သွယ်မှုစင်တာတွင် ဧပြီ ၁ ရက်မှ ၄ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း မတ် ၁၆ ရက် နံနက် ၉ နာရီက Park Royal Hotel ၌ AsiaConnect International Limited မှ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံတကာ ဈေးကွက်အခြေအနေနှင့် လက်ဝတ်ရတနာထုတ်လုပ်ခြင်း၊ ကျောက်ဖြတ်ခြင်းများအတွက် နောက်ဆုံးပေါ်နည်းပညာများ၊ လေဆာဖြင့် ဂဟေဆက်ခြင်း၊ သုံးဖက်မြင်ပုံနှိပ်ခြင်းအတွက် နောက်ဆုံးပေါ်နည်းပညာများကို လေ့လာနိုင်မည်ဖြစ်ပြီး ဩစတြေးလျ၊ ထိုင်း၊ မြန်မာ၊ ကိုလံဘီယာ၊ ဘရာဇီးစသည့်နိုင်ငံများမှ စိန်နှင့်မြတို့အပြင် အချောသပ်လက်ဝတ်ရတနာများနှင့် လက်ပတ်နာရီများလည်း ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီမှစ၍ အာဆီယံ ၁၀ နိုင်ငံအနေဖြင့် လွတ်လပ်စွာကုန်သွယ်မှုအတွက် အာဆီယံစီးပွားရေးအသိုင်းအဝိုင်းကို ပုံဖော်လျက်ရှိရာ ယခုပြုလုပ်သည့်ပြပွဲသို့ အမေရိကန်၊ အီတလီ၊ ဂျာမနီ၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံနိုင်ငံတို့မှလည်း ပါဝင်ပြသသွားမည်ဖြစ်သည့်အတွက် မြန်မာ့လက်ဝတ်ရတနာ ထုတ်လုပ်သူများအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ကို ကောင်းစွာအသုံးချ၍ အာဆီယံနိုင်ငံများအကြား ဈေးကွက်ချဲ့ထွင်နိုင်မည့် အထူးအခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။ **(သီသီမင်း)**

## ကျွန်းစုမြို့နယ်အတွင်းရှိ ကဏန်းစားမျောက်များ၏ သွားလာနေထိုင်မှု ဓလေ့စရိုက်များအား အမေရိကန်နိုင်ငံသားနှင့်အဖွဲ့ သုတေသနလာရောက်ပြုလုပ်

**ကျွန်းစု မတ် ၁၈**

ကျွန်းစုမြို့နယ်အတွင်းရှိ ကဏန်းစားမျောက်များ၏ သွားလာနေထိုင်မှု ဓလေ့စရိုက်များကို လေ့လာသုတေသနပြုလုပ်ရန်အတွက် အမေရိကန်နိုင်ငံသားနှင့်အဖွဲ့သည် မတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်က ကျွန်းစုမြို့နယ် ကံမော်ကျေးရွာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ လေ့လာသုတေသနပြုလုပ်ရန်အတွက် စင်ကာပူနိုင်ငံ NANYANG TECHNOLOGICAL UNIVERSITY မှ ASSISTANT PROFESSOR အမေရိကန်နိုင်ငံသား DR. MICHAELD.GUMERT သည် မြိတ်တက္ကသိုလ်မှ ဒေါ်ယုယုထွေးလိုက်ပါလျက် မတ် ၁၆ ရက်မှ ၂၀ ရက်အထိ ကျွန်းစုမြို့နယ် ကံမော်ကျေးရွာအနီးတစ်ဝိုက်ရှိ ကျွန်းများနှင့် ကမ်းခြေများအနီးတစ်ဝိုက်ရှိ ကဏန်းစားမျောက် (LONG TAILEDMOCAQUE) များ၏ သွားလာလှုပ်ရှားနေထိုင်မှု ဓလေ့စရိုက်များကို လေ့လာသုတေသနပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**

## မကွေးလေယာဉ်ကွင်းသစ်တည်ဆောက်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် ဒုတိယအကြိမ် လျော်ကြေးပေးအပ်

**မကွေး မတ် ၁၈**

မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မကွေးလေယာဉ်ကွင်းသစ် တည်ဆောက်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် ဒုတိယအကြိမ် လျော်ကြေးပေးအပ်ပွဲကို မတ် ၁၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မကွေးမြို့ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန (မကွေးလေဆိပ်) ဦးစီးအရာရှိ ဦးမင်းအောင်က လေယာဉ်ကွင်းသစ်တည်ဆောက်ရာတွင် ပါဝင်သွားသော ဒဟတ်ကန်ကျေးရွာမှ တောင်သူ၄ါးဦးအား မြေယာလျော်ကြေး ငွေကျပ် ၇၉၈၄၀၀၀ နှင့် ဆားတိုင်ကန်ကျေးရွာမှ တောင်သူ ၁၂ ဦးအား မြေယာလျော်ကြေးငွေကျပ် ၄၈၁၃၆၀၀၀ စုစုပေါင်း ငွေကျပ် ၅၆၁၂၀၀၀၀ အား တောင်သူတစ်ဦးချင်းလက်ဝယ်သို့ လျော်ကြေးငွေများပေးအပ်ခဲ့သည်။

ပထမအကြိမ် လျော်ကြေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့ပြီး ဒဟတ်ကန်ကျေးရွာမှ တောင်သူ ၁၇ ဦးအား မြေလျော်ကြေးငွေကျပ် ၃၈၀၄၈၀၀၀ နှင့် ဆားတိုင်ကန်ကျေးရွာမှ တောင်သူ ၈၄ ဦးအား မြေလျော်ကြေးငွေကျပ် ၂၄၉၇၆၈၀၀၀ စုစုပေါင်း ကျပ် ၂၈၇၈၁၆၀၀၀ တို့အား တောင်သူများလက်ဝယ် ပေးအပ်ခဲ့ပြီးဖြစ်ရာ နှစ်ကြိမ်ပေးအပ်သည့် လျော်ကြေးငွေကျပ် ၃၄၃၉၃၆၀၀၀ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မကွေးမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးပိုင်ပေါ်ထွန်း၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မကွေးလေဆိပ်တာဝန်ခံ ဦးမင်းအောင်၊ မကွေးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆားတိုင်ကန်ကျေးရွာနှင့် ဒဟတ်ကန်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ အင်အား ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ညီညီမောင်)**



**သစ်တောနဲ့ သစ်ပင်**
**ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက်**
**ရွှေတိုက်ကိုစိုး**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၈**

ရန်ကုန်(ရွှေဈေး) ၈၀၀၀၀၀ - ၈၀၀၀၀၀ မန္တလေး(ရွှေဈေး) ၇၉၉၅၀၀ - ၇၉၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၂၀/၅၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၂၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၇. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၈. ၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၀၃၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၁. ၃၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၂၈၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၃. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၄. ၇၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀. ၉၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၉. ၈၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ကျင်းပသည့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပူတာအိုဒေသအတွင်း လျှပ်စစ်မီးဖြန့်ဖြူးပေးနေမှုနှင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်သုံးစွဲနိုင်မှုနှင့် ပိုမိုသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပူတာအိုခရိုင်အတွင်းရှိ ဘာသာရေးအဖွဲ့ ၁၄ ဖွဲ့နှင့် ရိုးရာအဖွဲ့လေးဖွဲ့အား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ဒေသခံမြို့မိမြို့ဖ ဦးဖုန်ရိမင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက (၅)နှစ်တာကာလအတွင်း အစိုးရ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှု၊ ပူတာအိုခရိုင်အနေဖြင့် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်သည့်ကဏ္ဍများဖြစ်သော လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီး လုံလောက်စွာရရှိရေး၊ ကုန်ထုတ်လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးမှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုရှိရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပူတာအိုမြို့နယ်အတွင်းရှိ အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပူတာအိုဒေသတစ်ဝိုက်ရှိ ရေအားလျှပ်စစ်အရင်းအမြစ်များနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်ရန် စီမံကိန်းများကို ရွေးချယ်သတ်မှတ်ပေးပြီး ပုဂ္ဂလိကအနေဖြင့် လုပ်ကိုင်နိုင်မည့် စီမံကိန်းလုပ်ငန်းများဖြစ်ပါက ပုဂ္ဂလိကသို့လုပ်ကိုင်ခွင့်ပေးရန် စသည်ဖြင့် မှာကြားသည်။

အဆိုပါအထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် မတ် ၁၈ရက် ကချင်ပြည်နယ်ခရီးစဉ်တွင် ပူတာအိုဒေသ မချမ်းဘောမြို့အပါအဝင် ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်ဖြင့် အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေး အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းသည် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင်တည်ရှိပြီး ရေဆင်းဧရိယာ ၄၂ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၁၆၂ လက်မ၊ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ ၂၅၄၀၀၀၊ ရေအမြင့် ၁၄၁ပေ၊ ရေလွှဲဆည်အလျား ၁၄၁ပေ၊ အမြင့် ၄၁ပေ၊ တပ်ဆင်စက်အင်အား ၃ ဒသမ ၂ မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား ၁၄ ဒသမ ၁၃ သန်းရှိကြောင်းနှင့် ၂၀၁၇ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို)သို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများအား စာတွေ့လက်တွေ့သင်ကြားပို့ချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



## နိုင်ငံတကာ

# ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံ ၂၀၂၈ ခုနှစ်မတိုင်မီ လည်ပတ်မည်

**ဟနွိုင်း မတ် ၁၈**

ဗီယက်နမ်နိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၀၂၈ ခုနှစ်မတိုင်မီ လည်ပတ်မည်ဟုသိရသည်။

မကြာသေးမီက ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် ငုယင်တန်ဇွန်းအတည်ပြုခဲ့သော အမျိုးသားလျှပ်စစ်ဖွံ့ဖြိုးရေးစီမံချက်အရ ပြည်တွင်းရှိ စွမ်းအင်ရင်းမြစ်များ ကုန်ခန်းလာချိန်တွင် အနာဂတ်လျှပ်စစ်စွမ်းအင်ပေးဝေမှုရရှိစေရန် ဗီယက်နမ်နိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံများ တည်ဆောက်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်ထုတ်လုပ်နိုင်စွမ်းကို ၂၀၃၀ ခုနှစ် မတိုင်မီ မဂ္ဂါဝပ် ၄၆၀၀ ရောက်ရှိရန်သတ်မှတ်ထားပြီး စုစုပေါင်းလျှပ်စစ်ထုတ်လုပ်မှု၏ ၅ ဒသမ ၇ ရာခိုင်နှုန်းနှင့် ညီမျှသော နျူကလီးယားစွမ်းအင် ကီလိုဝပ်သန်းပေါင်း ၃၂ ဒသမ ၅ ဘီလီယံ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်ရေဒီယို VOV ကဆိုသည်။

ထို့အပြင် ဗီယက်နမ်နိုင်ငံက လေစွမ်းအင်၊ နေစွမ်းအင်နှင့်ဇီဝစွမ်းအင်ကဲ့သို့သော ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်များအသုံးပြု၍ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးရေးကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ စွမ်းအင်အမျိုးအစားများကို ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် တဖြည်းဖြည်းတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်သည်။ စီမံချက်အရ ၂၀၁၆-၂၀၃၀ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားပေးဝေမှုနှင့်ဓာတ်အားလိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗီယက်နမ်ဒေါင် ၃၂၀၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၃ ဘီလီယံ) ရှိ ရင်းနှီးမြှုပ်နှံရန်လိုအပ်မည်ဖြစ်ကြောင်း VOV က ပြောကြားသည်။ အဆိုပါစီမံချက်ကို ၂၀၁၆-၂၀၃၀ ခုနှစ်အတွင်း ခန့်မှန်းချေဂျီဒီပီ ၇ ရာခိုင်နှုန်းအရ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**




**အမေရိကန်စွမ်းအင်ဌာန ဝန်ကြီး အားနက်မိုနစ် တရုတ်-အမေရိကန် နျူကလီးယားလုံခြုံရေးဌာန ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**

# တရုတ်-အမေရိကန် နျူကလီးယားလုံခြုံရေးဌာန ပေကျင်း၌ ဖွင့်လှစ်

**ပေကျင်း မတ် ၁၈**

တရုတ်-အမေရိကန် နျူကလီးယားလုံခြုံရေးဌာနကို ပေကျင်း၌ မတ် ၁၈ ရက်က ဖွင့်လှစ်လိုက်ကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

အဆိုပါဌာနသည် အာရှ-ပစိဖိတ်ဒေသရှိ နျူကလီးယားလုံခြုံရေးဌာနများအနက် အကြီးဆုံးဖြစ်ပြီး တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစလုံး၏ ရန်ပုံငွေဖြင့် ထူထောင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ တရုတ်အဏုမြူစွမ်းအင်အာဏာပိုင်အဖွဲ့(စီအေအီးအေ)နှင့် အမေရိကန်စွမ်းအင်ဌာနတို့က ပူးပေါင်းထူထောင်ကြကြောင်း စီအေအီးအေညွှန်ကြားရေးမှူးဇူဒါကျဲက ပြောကြားသည်။

တရုတ်-အမေရိကန် နျူကလီးယားလုံခြုံရေးဌာနသည် တရုတ်နှင့်အခြားသော အာရှ-ပစိဖိတ်ဒေသနိုင်ငံများမှ နျူကလီးယားလုံခြုံရေးဝန်ထမ်းများကို တစ်နှစ်လျှင် ဦးရေ ၂၀၀၀ ခန့်အထိ လေ့ကျင့်သင်တန်းပေးနိုင်မည်ဖြစ်ကြောင်း ဇူဒါကျဲက ပြောကြားသည်။

အဆိုပါ ဌာနကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်တည်ဆောက်ခဲ့သည်။ နျူကလီးယားလုံခြုံရေးအစီအစဉ်အတွက် တရုတ်နှင့် အမေရိကန်အစိုးရအဖွဲ့များက ရန်ပုံငွေများထည့်ဝင်ကာ ဆောင်ရွက်မည်ဖြစ်သည်။

နျူကလီးယားလုံခြုံရေးဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနတစ်ခုအဖြစ် ရပ်တည်မည်ဖြစ်သည်။ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးပြုမှုအားပေးမြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း စီအေအီးအေ၏ ဒုတိယညွှန်ကြားရေးမှူးဝန်ယီရန်းက ပြောကြားသည်။ **ဆင်ဟွာ။**

# ဂျပန်ကျောင်းသုံးစာအုပ် ပြဋ္ဌာန်းချက် တောင်ကိုရီးယား ကန့်ကွက်

**ဆိုးလ် မတ် ၁၈**

ဂျပန်နိုင်ငံက အသစ်ပြဋ္ဌာန်းလိုက်သော အထက်တန်းကျောင်းသုံးစာအုပ်များကို တောင်ကိုရီးယားနိုင်ငံက ရှုတ်ချကန့်ကွက်လိုက်သည်။

အသစ်ပြဋ္ဌာန်းလိုက်သော ကျောင်းသုံးစာအုပ်တွင် ဂျပန်ပင်လယ်ရှိ တာကေးရှီးမားကျွန်းစုကို ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု ဖော်ပြထားသည်။ သို့သော် ယင်းကျွန်းစုကို တောင်ကိုရီးယားနိုင်ငံက ထိန်းချုပ်ထားသည်ဟု ဆိုသည်။

တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံ၏လုပ်ရပ်သည် အကျိုးအကြောင်း ခိုင်လုံမှုမရှိသော ပြောဆိုချက်များ (သို့မဟုတ်) ပြဋ္ဌာန်းချက်များသာဖြစ်သည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက မတ် ၁၈ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် ပြဋ္ဌာန်းစာအုပ်များကို ပြန်လည်ပြင်ဆင်ရေးသားရန်နှင့် ဂျပန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်ရေးအတွက် အတိတ်သမိုင်းကို မျှမျှတတရိုးရိုးသားသားရှုမြင်နိုင်ရန် တိုက်တွန်းထားသည်။

ဂျပန်နိုင်ငံ၏ ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းချက်သည် မျှမျှတတရှိပြီး ဘက်လိုက်မှုမရှိကြောင်းနှင့် တာကေးရှီးမားကျွန်းစုနှင့်ပတ်သက်၍တောင်ကိုရီးယားနိုင်ငံ၏ ရပ်တည်ချက်ကိုလည်း လက်မခံနိုင်ကြောင်း တောင်ကိုရီးယားနိုင်ငံရှိ ဂျပန်သံအမတ် ဟီဒဲယိုဆူဇူကီးက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# တာလတ်ပစ် ပဲ့ထိန်းဒုံးကျည် မြောက်ကိုရီးယား စမ်းသပ်ပစ်ခတ်

**ဆိုးလ် မတ် ၁၈**

မြောက်ကိုရီးယားနိုင်ငံသည် တာလတ်ပစ်ပဲ့ထိန်းဒုံးကျည် တစ်စင်းထက်မနည်းကို ပင်လယ်တွင်းသို့ မတ် ၁၈ ရက်တွင် ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

နျူကလီးယားထိပ်ဖူးများနှင့် ဒုံးကျည်စမ်းသပ်မှုများ ထပ်မံပြုလုပ်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ညွှန်ကြားခဲ့အပြီး ရက်ပိုင်းအကြာတွင် တာလတ်ပစ်ပဲ့ထိန်း ဒုံးကျည်စမ်းသပ်ပစ်ခတ်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ဆက်ချွန်းဒေသမှနေ၍ ပဲ့ထိန်းဒုံးကျည်ပစ်ခတ်မှု ပြုလုပ်ခဲ့ကြောင်း၊ မတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၅ မိနစ်တွင် ဒုံးကျည်ပစ်ခတ်ခဲ့ပြီး အရှေ့ပင်လယ် (ဂျပန်ပင်လယ်)အတွင်းရှိ ပစ်မှတ်သို့ ကီလိုမီတာ ၈၀၀ အကွာအဝေးရောက်ရှိအောင် ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတည်ထောင်ကြောင်း ဆီးရီးယားကာ့ဒ်အဖွဲ့ ကြေညာ

**ဒမတ်စကတ် မတ် ၁၈**

ဆီးရီးယားနိုင်ငံရှိ အဓိကကျသော ကာဒ်အုပ်စုက နိုင်ငံမြောက်ပိုင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တည်ထောင်ကြောင်း ကြေညာလိုက်သည်။

ထိုသို့ကြေညာခြင်းသည် သမ္မတဘာရှားအယ်လ်အာဆတ်အစိုးရနှင့် အတိုက်အခံအင်အားစုများမှ တာဝန်ရှိသူများ တက်ရောက်လျက်ရှိသော ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အကျိုးသက်ရောက်စေနိုင်ဖွယ်ရှိသည်။ ဆီးရီးယားကာ့ဒ်တပ်ဖွဲ့များမှ ခေါင်းဆောင်များသည် မတ် ၁၇ ရက်က နိုင်ငံမြောက်ပိုင်း၌ တွေ့ဆုံခဲ့ကြသည်။ ကာ့ဒ်အဖွဲ့သည် ကာ့ဒ်ထိန်းချုပ်မှုအောက်ရှိ သီးခြားနယ်မြေသုံးခုကို ပေါင်းစည်းရန်နှင့် သမ္မတရာထူးနှင့် လွှတ်တော်တစ်ရပ် ဖွဲ့စည်းခြင်းအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်မှု စတင်ရန် ဆုံးဖြတ်ခဲ့ကြောင်း အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆီးရီးယားကာ့ဒ်တပ်ဖွဲ့က အရေးပါသော မြေပြင်တပ်ဖွဲ့တစ်ခုအဖြစ် ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ ၎င်းတို့၏ထိန်းချုပ်မှုကိုတိုးချဲ့လျက်ရှိသလို အိုင်အက်စ်စစ်သွေးကြွ အဖွဲ့အား တိုက်ခိုက်လျက်ရှိပြီး အနောက်နိုင်ငံများနှင့် ရုရှားနိုင်ငံထံမှ ပံ့ပိုးမှုရရှိခဲ့သည်။ ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်ရန်အတွက် ကုလသမဂ္ဂ၏ ကြားဝင်ဖျန်ဖြေမှု ပြုလုပ်သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ယခုအခါ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပလျက်ရှိသည်။ အာဆတ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကာ့ဒ်အုပ်စု၏ ကြေညာချက်ကို ဝေဖန်ခဲ့ပြီး ဥပဒေအရအခြေအမြစ်မရှိကြောင်း ပြောကြားလိုက်သည်။

ဆွေးနွေးပွဲများတွင် ပါဝင်သော အတိုက်အခံ အင်အားစုများက အဆိုပါလုပ်ဆောင်ချက်က ဆီးရီးယားပြည်သူများ၏ဆန္ဒကို ပျက်စီးစေကြောင်း ပြောကြားသည်။ တူရကီအစိုးရ၏ ကန့်ကွက်မှုကြောင့် ကာ့ဒ်အဖွဲ့မှာ ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် ပါဝင်ခြင်းမရှိပေ။ ကာ့ဒ်အဖွဲ့၏ ကြေညာချက်အပေါ် တူရကီနိုင်ငံက ယခုချိန်ထိ တရားဝင်မှတ်ချက်ထုတ်ပြန်ခြင်း မရှိသေးသော်လည်း ဒေသတွင်း၌ ကာ့ဒ်အဖွဲ့၏ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းမည့် မည်သည့်လှုပ်ရှားမှုကိုမဆို ဆန့်ကျင်ခဲ့သည်။ တူရကီနိုင်ငံက နယ်စပ်ဒေသများကို ကျော်လွန်၍ ကာ့ဒ်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာနိုင်ကြောင်း လေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

# ဂျကာတာ-ဘန်ဒေါင်း အမြန်ရထားလမ်း မကြာမီ စတင်ဖောက်လုပ်နိုင်ဖွယ်ရှိ

**ဂျကာတာ မတ် ၁၈**

ဂျကာတာ-ဘန်ဒေါင်း အမြန်ရထားလမ်းဖောက်လုပ်မှုကို မကြာမီစတင်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီး အစ်နာဆုဂျိုနန်၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အမြန်ရထားလမ်း လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် တရုတ်နှင့်အင်ဒိုနီးရှား ကုမ္ပဏီများပါဝင်သော အုပ်စုတစ်ခုကို နှစ် ၅၀ ကြာ လုပ်ကိုင်ခွင့်ပေးရန် အင်ဒိုနီးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သဘောတူညီခဲ့ကြောင်း အစ်နာဆုက ပြောကြားသည်။ ကီရာတာဆီပက် အင်ဒိုနီးရှားစိနအမည်ရှိ အဆိုပါအုပ်စုသည် ဂျကာတာ-ဘန်ဒေါင်း အမြန်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းဆောင်ရွက်ရန် မကြာမီခွင့်ပြုချက်ရလိမ့်မည်ဟုမျှော်လင့်ရကြောင်း အစ်နာဆုက ပြောကြားသည်။ **ပီတီအိုင်။**



# အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးရုံးချုပ် စန္ဒကူးခန်းမဖွင့်

**နေပြည်တော် မတ် ၁၈**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ဦးစီးရုံးချုပ် ပုသိမ်ကြီးမြို့၌ ဆောက်လုပ်ပြီးစီးသည့် စန္ဒကူးခန်းမ အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးအေးမြင့်မောင် တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။ **(ယာပုံ)**



အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်တော ကျောင်းမှ ကျောင်းအုပ်ကြီး၊ UNDP မှ Mr. Karma Lodey Rapten (Technical Specialist) နှင့် ကိုယ်စားလှယ်များ၊ အရာထမ်းနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက စန္ဒကူးခန်းမ အဆောက်အအုံဖွင့်ပွဲအခမ်းအနား၌ ဂုဏ်ပြုစကား ပြောကြားရာတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း တာဝန်ကြီး(၄)ရပ်နှင့် သက်ဆိုင်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသန စာတမ်းဖတ်ပွဲများ၊ အစိုးရ-အရပ်ဘက် (Government - Civil Society) ဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲများ၊ Seminars ၊ ပြည်တွင်း၊ ပြည်ပ သင်တန်းများ ဖွင့်လှစ်ကျင်းပနိုင်ခြင်း အားဖြင့် အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားတိုးတက်ရေး၊ အစိုးရနှင့် ပြည်သူလူထုထိတွေ့ ဆက်ဆံမှု ကျယ်ကျယ်ပြန့်ပြန့်ရရှိစေ ရေးတို့ကို အထောက်အကူပြုစေမည် ဖြစ်ကြောင်း ပြောကြားသည်။

ယခုကဲ့သို့ ခန်းမဖွင့်လှစ်နိုင်ခြင်း အားဖြင့် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနက ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးများ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သုတေသန စာတမ်းဖတ်ပွဲများကို စန္ဒကူးခန်းမအတွင်း ကျင်းပဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စိုက်ပျိုးသီးနှံများ အာမခံထားရှိရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ စိမ်းကိန်းဝင် ရာသီသီးနှံများ ရာသီဥတုဖောက်ပြန်၍ ဆုံးရှုံးမှုဖြစ်ပေါ်လျှင် အာမခံလျော်ကြေးရရှိနိုင်ရန်နှင့် သီးနှံအာမခံလုပ်ငန်းစနစ် ထူထောင်နိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ အကူအညီဖြင့် စိုက်ပျိုး သီးနှံများ အာမခံထားရှိရေးဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၂ ရက်တွင် နေပြည်တော်ရှိ Hotel Grand Amara ၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရန် စီစဉ်ဖြစ်ခဲ့သည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ "စိုက်ပျိုးသီးနှံတွေကို အာမခံထားရှိဖို့အတွက်ဖြစ်ပြီး မြန်မာနိုင်ငံမှာ ရှိတဲ့ တောင်သူတွေက စိမ်းကိန်းဝင်သီးနှံတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ အခါမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရင် အာမခံလျော်ကြေး ရရှိဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲလုပ်ပြီးတော့ အာမခံကုမ္ပဏီကနေ အသင်း ဖွဲ့စည်းပြီး လျော်ကြေးရနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တောင်သူ တစ်ဦးအနေနဲ့ အသင်းဝင်ထားရင် အာမခံလျော်ကြေးရမယ်။ အဲဒါကြောင့် စိုက်ပျိုးသီးနှံ အာမခံထားရှိရေးစနစ်ကို အကောင်အထည်ဖော်ဖို့ စီစဉ်ခဲ့တာ ပါ" ဟု Tropical Biotechnology Limited မှ အကြံပေးပုဂ္ဂိုလ် ဦးညွန့်ဝေက ပြောသည်။

"စိုက်ပျိုးသီးနှံတွေ အာမခံထားရမယ်ဆိုတဲ့ စနစ်မရှိတဲ့အခါကျတော့ ကျွန်တော်တို့နိုင်ငံမှာ တောင်သူတွေဟာ ဆုံးရှုံးမှုပဲရှိတယ်။ ပြန်လည်ရရှိမှုမရှိ ဘူး။ အခုလိုအာမခံထားမယ်ဆိုရင် ငါးသိန်းဖိုးစိုက်ထားရင် ဆုံးရှုံးမှုကို ငါးသိန်းဖို့အထိ တောင်သူတွေရဲ့ လက်ဝယ်ပြန်လည်ရရှိမယ်။ ကျွန်တော်တို့ အသက်အာမခံလိုပါပဲ။ အသက်အာမခံထားလို့ ထိခိုက်မှုတစ်ခုဖြစ်တယ်ဆိုရင် ထိခိုက်မှုအတွက် အာမခံရတယ်။ အဲဒီလိုပါပဲ သီးနှံလည်း အာမခံစနစ်ဖြစ် လာအောင်လို့ပါ။ နေပြည်တော်မှာ ပထမဆုံးအကြိမ်စပြီး ဆွေးနွေးပွဲပြုလုပ်မှာ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် အောင်မြင်ပြီဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေကို ဒီပညာရှင်တွေနဲ့ပဲ ဆက်တိုက်လှည့်လည်ပြီး စည်းရုံးလုပ်ဆောင်သွားကြ မှာဖြစ်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မိုး/ဇလဌာနနှင့် မြန်မာ့အာမခံကုမ္ပဏီများ တောင်သူကိုယ်စားလှယ်များနှင့်တကွ အိန္ဒိယနိုင်ငံမှ Basis အသေးစား ငွေချေးလုပ်ငန်း၊ Weather risk management company၊လယ်ယာသီးနှံ အာမခံကုမ္ပဏီများမှ ပညာရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။ ဆွေးနွေးပွဲ သို့ တက်ရောက်လိုသူများသည် Tropical Biotechnology Limited မှ ဦးမူရာကာ ဖုန်း-၀၉-၅၂၃၁၅၇၄ သို့ ဆက်သွယ်စာရင်းပေး စုံစမ်းနိုင်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် e-Library နှင့် လက်တွေ့စာသင်ဆောင်ဖွင့်လှစ်

**နေပြည်တော် မတ် ၁၈**

နိုင်ငံတော်၏ သားငါးကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် RC နှစ်ထပ် လက်တွေ့စာသင်ဆောင်သစ်နှင့် e-Library အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဘွဲ့လွန်သင်တန်းသား သင်တန်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ယင်းကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းကြောင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ တိုးတက်များပြားလာသော ကျောင်းသား ကျောင်းသူများအတွက် သင်ကြားရေးတွင် ပိုမိုအထောက် အကူရရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ရန်ကုန်စတော့အိတ်ချိန်း မတ် ၂၅ ရက် အရောင်းအဝယ်စတင်မည် လိုက်နာရမည့်ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ညွှန်ကြားချက် (၃/၂၀၁၆) ထုတ်ပြန်

**ရန်ကုန် မတ် ၁၈**

ရန်ကုန် စတော့အိတ်ချိန်းကို လာမည့် မတ် ၂၅ ရက်တွင် အစုရှယ်ယာ အရောင်းအဝယ်စတင်တော့မည်ဖြစ်ရာ ငွေကြေးခဝါချမှုကိစ္စရပ်များ ကာကွယ်တားဆီးရန် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေအခန်း (၁၃) ပုဒ်မ ၇၁(ခ)အရ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ၊ စတော့အိတ်ချိန်းနှင့် ကောင်တာဈေးကွက်တို့ လိုက်နာဆောင်ရွက်ရမည့် ငွေကြေး ခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ ညွှန်ကြားချက်(၃/၂၀၁၆)အား မတ် ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရာတွင် ငွေကြေး ခဝါချမှုအား ကြိုတင်ကာကွယ်နိုင်မည့် အဆင့်နှစ်ဆင့် သတ်မှတ်ထားပြီး ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသည် အရောင်းအဝယ်ဆောင်ရွက်မည့်စာရင်းပိုင်ရှင်အား ငွေကြေးခဝါချသည့်ကိစ္စနှင့် သံသယဖြစ်ဖွယ်ရှိလျှင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံးသို့ အချိန်မီသတင်းပို့ရမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချသည့် အရောင်းအဝယ်ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိပါက ထိုအရောင်းအဝယ် ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရမည် ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊ စတော့အိတ်ချိန်းနှင့် ကောင်တာ ဈေးကွက်တို့သည် စာရင်းစစ်ကဲ့သို့ သီးခြားအဖွဲ့ထားရှိ၍ စီမံအုပ်ချုပ်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည့် ညွှန်ကြားချက် အပြည့်အစုံကို www.secm.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပန်းတောင်းမြို့နယ်အတွင်း ရေရှားပါးသောကျေးရွာများသို့ သောက်ရေ၊ သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ပန်းတောင်းမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါး သော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများကို စဉ်ဆက် မပြတ် သွားရောက်ဖြန့်ဝေလျှဒါန်းလျက်ရှိရာ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့ တွင် တလုပ်ပင်အုပ်စု ရေတွင်းလှကျေးရွာနှင့် ထိပ်ပေါက်အုပ်စု သဲဖြူကျေးရွာ တို့သို့ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက မြို့နယ် မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိ သည်။

ရေတွင်းလှကျေးရွာတွင် အိမ်ခြေ ၁၂၀ ကျော်ရှိပြီး လူဦးရေ ၄၅၀ ကျော် နှင့် သဲဖြူကျေးရွာတွင် အိမ်ခြေ ၈၅ လုံးကျော်ရှိပြီး လူဦးရေ ၄၀၀ ခန့်နေထိုင် လျက်ရှိရာ အိမ်ခြေအလိုက် ရေလုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



၀၀၀

# ရာသီဥတုပြောင်းလဲမှုကိုကာကွယ်ဖို့ သစ်တောများကိုထိန်းသိမ်းစို့

ဒေါက်တာစန်းဝင်း
(သစ်တောတက္ကသိုလ်)

**သစ်ပင်ဆိုတာ သစ်သားရရှိမှုထက် ပိုအရေးပါတာတွေအများကြီးရှိပါတယ်။ Top 22 Benefits of Trees ကို ကြည့်လိုက်ရင် သစ်ပင်ကျေးဇူး ထွေထွေထူးတွေ တွေ့နိုင်ပါတယ်။ စားစရာ၊ နေစရာကအစ ရှူဖို့လေသန့်၊ သောက်ဖို့ရေသန့် အလယ်၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းပေးတာနဲ့ ရာသီဥတုပြောင်းလဲခြင်း လျော့ပါးအောင်ထိန်းညှိပေးတာအဆုံး သစ်ပင်တွေရဲ့ကျေးဇူးတွေ ကြီးမားလှပါတယ်။ ဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ရှိပြီးသစ်တောများကို ဝိုင်းဝန်းထိန်းသိမ်းပေးကြပါ။**

၃၈ ဖြာမင်လာမှာ သူတစ်ပါးရဲ့ကျေးဇူးကိုသိတတ်ခြင်းလည်းပါပါတယ်။ လောကမှာ အများကောင်းကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်သူများကို အတုယူအားကျစရာ ပုဂ္ဂိုလ်များအဖြစ် ကျွန်တော့်အနေနဲ့ မှတ်ယူလေ့ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့မှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အဖိုးတန်ကျွန်းတောကြီးတွေ ရေရှည်တည်တံ့အောင် ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်သွားသော ပုဂ္ဂိုလ်များအနက် တစ်ဦးအကြောင်းကို တိုတိုတုတ်တုတ်ဖောက်သည်ချလိုပါတယ်။ သူ့ဆောင်ရွက်ချက်များဟာ အားကျစရာဖြစ်သလို ကိုယ့်ရဲ့ သစ်တောသယံဇာတမပျက်စီးရေးကို တိုင်းတစ်ပါးသားတစ်ယောက်အနေနဲ့ အစွမ်းကုန်ကာကွယ်သွားလို့ အံ့ဩစရာလည်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နယ်ချဲ့ခံခဲ့ရတဲ့ခေတ်မှာ ဖြစ်ပျက်ခဲ့ပြီး နယ်ချဲ့တယ်ဆိုတာ ကိုယ့်အကျိုးစီးပွားအတွက် လုပ်ကြလေ့ရှိတာမျိုးမို့ပါ။

သူကတော့ ကျွန်တော်တို့ရဲ့မြန်မာနိုင်ငံမှာ သိပ္ပံနည်းကျသစ်တောအုပ်ချုပ်မှုကို အုတ်မြစ်ချပေးခဲ့တဲ့ Dietrich Brandis (နောင်အခါ Sir. ဘွဲ့ရသွားခဲ့ပါသည်)ပါ။ ဂျာမန်လူမျိုးဖြစ်ပါတယ်။ ၁၈၅၆ မှ ၁၈၆၂ ထိ အောက်မြန်မာပြည်မှာ သစ်တောစီမံအုပ်ချုပ်မှုတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၈၄၈ မှ ၁၉၀၇ ခုနှစ်အထိ သစ်တောနဲ့ပတ်သက်သော စာအုပ်စာတမ်းပေါင်း ၂၆၀ ကျော် ရေးသားသွားခဲ့ပါတယ်။ ၁၈၅၆ ခုနှစ် ဇန်နဝါရီလကုန်မှ မိုးစတင်ကျသည့် မေလအထိ တောထဲမှာ တာဝန်ထမ်းဆောင်ရန်ထွက်ခွာပါတော့တယ်။ သူက သစ်တောများထာဝစဉ်တည်တံ့စေရန်အတွက် မူအနေနဲ့အချက်သုံးချက် ချမှတ်လုပ်ဆောင်ပါတယ်။

အဲဒါတွေကတော့-

(၁) သစ်တောက ထုတ်ပေးနိုင်သော သစ်ထွက်နိုင်မှုထက် ပိုမခုတ်ရန်နှင့် သဘာဝသစ်တောများ ကာကွယ်ရန်၊
(၂) သစ်တောကရရှိသောဝင်ငွေကို သစ်တောအုပ်ချုပ်မှုတွင် ပြန်သုံးပြီးနောက် အပိုငွေများ ရရှိစေရန်နဲ့
(၃) သစ်တောအတွင်းနဲ့ သစ်တောပတ်ဝန်းကျင်၌ နေထိုင်ကြသော ပုဂ္ဂိုလ်များသည် သူ၏အပေါင်းအသင်း မိတ်ဆွေများဖြစ်လာစေရန်တို့ ဖြစ်ပါတယ်။

ဒီအခြေခံမူ သုံးရပ်ကို လေ့လာကြည့်ရင် ယနေ့ပြောကြားနေတဲ့ Sustainable Forest Management Concept ပါဝင်နေတာ တွေ့ရသလို အချက်နံပါတ်(၃) အရ Social Forestry ဆိုတာလည်း မကျန်ခဲ့ပါဘူး။ သစ်တောကရတဲ့ဝင်ငွေကိုလည်း သစ်တောအုပ်ချုပ်မှုအတွက် အဓိကထားသုံးပါတယ်။

သူ့ရဲ့ မြန်မာပြည်သစ်တောမှာ ဆောင်ရွက်မှုကာလခြောက်နှစ် (၁၈၅၆-၁၈၆၂) အတွင်း ကျွန်းတောကြီးများ ပျက်စီးကုန်ခန်းမသွားအောင် အားကျစရာကာကွယ်ထားခဲ့တာလေးကတော့ Dr. Brandis က သစ်တောအုပ်ချုပ်မှု အခြေခံမူ အပိုဒ်(၁) ပါအတိုင်း သစ်တောများမပျက်စီးစေဘဲ နှစ်စဉ်ထုတ်လုပ်ပေးနိုင်သော သစ်ထုထည်ပမာဏကို သတ်မှတ်တွက်ချက်ပြီး အဲဒီပမာဏအတိုင်း ထုတ်လုပ်စေခဲ့ပါတယ်။ သို့သော်လည်း ထိုခေတ်သစ်ကုန်သည်များက ကျွန်းသစ်ကို တောကနှစ်စဉ်ထုတ်ပေးနိုင်တဲ့ တောထွက်ပမာဏထက်ပိုပြီး ခုတ်ယူလိုပါတယ်။

ရန်ကုန်မြို့ဆိုတာ ၁၈ ရာစု လောက်တုန်းက ကျွန်းသစ်တင်ပို့ရောင်းချတဲ့မြို့အနေနဲ့ နာမည်ကြီးဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပါတယ်တဲ့။ မြန်မာပြည်ဟာ ထိုစဉ်က ဆန်တင်ပို့မှုကို မစတင်နိုင်ခဲ့သေးပါဘူး။ ပြောရရင် ဆန်စပါးလုပ်ငန်း မထွန်းကားသေးပါဘူးတဲ့။ ရန်ကုန်မှာရှိတဲ့ ကုန်သည်တွေဟာ သူတို့ရဲ့ ကျွန်းသစ်တင်ပို့တဲ့ လုပ်ငန်းကို မြန်မြန်ကြီးပွားဖွံ့ဖြိုးစေလိုပြီး ကျွန်းသစ်ထုတ်လုပ်မှုကို တန်အရေအတွက် အကန့်အသတ်ထားထုတ်လုပ်တာကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြပါတယ်။ Dietrich. Brandis က သစ်တောအုပ်ချုပ်မှု အပိုဒ်(၁) ပါအတိုင်း သစ်တောများမပျက်စီးစေဘဲ နှစ်စဉ်ထုတ်လုပ်ပေးနိုင်သော သစ်ထုထည်ပမာဏကို သတ်မှတ်တွက်ချက်ပြီး အဲဒီပမာဏအတိုင်းထုတ်လုပ်စေခဲ့လို့ သစ်ကုန်သည်တို့ရဲ့ မလိုမုန်းထားခံခဲ့ရပါတယ်။ ကုန်သည်များက ဈေးကွက်ဝင်၊ရောင်းတမ်းဝင် ကျွန်းပင်အားလုံး ခုတ်ရောင်းချင်ကြပါတယ်။

ကုန်သည်များရဲ့ အကြောင်းပြချက်ကတော့ ထိုစဉ်က ပင်လယ်ရေကြောင်းသွားလာရေးအတွက် သင်္ဘောတွေကို ကျွန်းသစ်အသုံးပြုတည်ဆောက်နေရလို့သာ ကျွန်းသစ်ကမျက်နှာပန်းပွင့် ရောင်းပန်းလှနေတာပါ။ နောင်အခါ ကျွန်းသစ်နေရာမှာ သံအစားထိုးပြီး သင်္ဘောဆောက်လုပ်လာခဲ့ရင် ကျွန်းသစ်ဆိုတာ တစ်ချိန်က ဈေးကွက်အတွင်းက ပစ္စည်းတစ်မျိုးအဖြစ်နဲ့သာ ကျန်ရစ်ခဲ့မှာပါတဲ့။ အဲဒီအခါမှာ ကျွန်းသစ်ဈေးလျော့ကျပြီး ကျွန်းတောတွေဟာလည်း တန်ဖိုးမရှိဖြစ်သွားမှာပါတဲ့။ နောက်ဆုံးတော့ ကျွန်းသစ်ဆိုတာဟာ ဈေးထဲကဆေးတစ်မျိုးလောက်အဖြစ်သာကျန်ခဲ့ပြီး တကယ့်အသေးအဖွဲ့ ကိစ္စရပ်လေးတစ်ခုဖြစ်သွားမယ်ဆိုတဲ့ သဘောပါပဲ။ စာဖတ်သူများကို မူရင်းစာရေးသူရဲ့ သဘောထားအတိုင်း သိရှိခံစားရအောင် Sir. Dietrich. Brandis ကိုယ်တိုင် အင်္ဂလိပ်လို ရေးထားတာလေးကို ဖော်ပြလိုက်ပါတယ်။

"It has already been mentioned that Rangoon (Rangoon မှာ ယခုရန်ကုန် - စာရေးသူ) in those days had derived its importance mainly from the export of Teak timber and the shipbuilding trade carried on by means of the Teak timber brought from the forests. Teak at that time was the chief article upon which the prosperity of that town depended, for the export of rice, which since has given it a much greater importance, had at that time hardly begun. The merchants of Rangoon naturally desired to see their business increase rapidly and as soon as they realized that the system introduced by me in 1856 would limit the quantity of Teak brought to market they commenced a vigorous opposition against it. Personally, I made a point of keeping on good terms with them and they tried hard to induce me to allow them to enter the forests and to cut the whole of the marketable trees. With much show of reason they contended that ships built of teak would soon be a thing of the past, what iron would, in shipbuilding as well as for all other purposes, replace the use of wood. Within a few years, the demand for teak would diminish, prices would fall, and in the end, teak would be a drug in the market and the Teak forests would be valueless."

ကုန်သည်များဟာ ရသမျှကျွန်းပင်ခုတ်ရောင်းလိုတဲ့ အတွေးအခေါ်နဲ့ Sir. Dietrich. Brandis ထံကို ချဉ်းကပ်လာပြီးသူတို့အဆိုကို လက်ခံပေးဖို့ပြောပါတယ်။ သစ်တောဆိုတာ စီးပွားရေးအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အရေးပါလှတဲ့ကိစ္စရပ်ကိုသိတဲ့ Sir. Dietrich. Brandis က ကုန်သည်များရဲ့ဆန္ဒကို မလိုက်လျောခဲ့ပါဘူး။

ဒီတော့ကုန်သည်များက Brandis ရဲ့ သစ်တောအုပ်ချုပ်မှု အယူအဆ (သစ်တောကနှစ်စဉ်တိုးပွားလာသော သစ်ထုထည်ထက် ပိုမခုတ်ရေးအယူအဆ) ဟာ မှားယွင်းကြောင်းကို မြန်မာပြည်ရောက် ဥရောပနိုင်ငံသားများအကြားနဲ့ သာမန်အစိုးရ အမှုထမ်းများအကြား ဝါဒဖြန့်ခဲ့ပါတယ်။ Sir. Dietrich. Brandis က အစိုးရအပေါ် သစ္စာရှိရှိ တာဝန်သိသိ တာဝန်ထမ်းဆောင်ခဲ့သော်လည်း ကုန်သည်များရဲ့ ပြောဆိုဆွေးနွေးအကြံပြုချက်ဟာ နောက်ဆက်တွဲအသက်အန္တရာယ်ကိုတောင် အနှောင့်အယှက်ပေး အန္တရာယ်ပြုခံခဲ့ရပုံရပါသည်။

"These considerations, they maintained, imperatively demanded the acceptance of their proposals. They appealed to my sense of duty toward the Government which I was serving, to my ambition and to my common sense, and they pictured in the darkest colors the disastrous consequences of a refusal to back their proposals. And with justice they added that they, the merchants, stood not alone in their views, but that these views were shared by the majority of the public officers and European residents of the province."

Sir. Dietrich. Brandis တိုးပွားလာတဲ့သစ်ပမာဏထက်ပိုခုတ်ဖို့ သဘောမတူတော့ ပဲခူးဝန်ရှင်တော်မင်းကြီး Sir.Arthar Phayre ထံကို ချဉ်းကပ်ပြန်ရော။ Sir. Phayre လည်း လက်မခံလေတော့ အိန္ဒိယရှိ အစိုးရအကြီးအကဲများထံ သွားချဉ်းကပ်ပြန်ပါတယ်။ ဒီတုန်းက မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံရဲ့အစိတ်အပိုင်းတစ်ခုဖြစ်လို့ အိန္ဒိယအစိုးရထံကို ချဉ်းကပ်ကြတာပါ။

အိန္ဒိယမှာရှိတဲ့ အစိုးရအကြီးအကဲများကို သစ်ကုန်သည်များ မည်သို့မည်ပုံ ချဉ်းကပ်လိုက်သည်မသိ၊ "ကျွန်းတောတွေကို သစ်ကုန်သည်တွေအားခုတ်ယူခွင့်ပြုစေ"ဆိုတဲ့ အမိန့်ကို ၁၈၆၁ ခုနှစ် ဖေဖော်ဝါရီလမှာ အမိန့်ချလိုက်ပါတယ်။ ကုန်သည်များက ကျွန်းပင်များ ခုတ်ယူစေဆိုတဲ့အမိန့်ကို ရင်ဝယ်ပိုက်ပြီး ရန်ကုန်ပြန်လာခဲ့ပါတယ်။ Sir. Dietrich. Brandis အတွက်ကတော့ တစ်ဖက်ကအထက်အမိန့်၊ တစ်ဖက်က သူ့ရဲ့ သစ်တောအုပ်ချုပ်မှု အခြေခံမူများပေါ့။ အဲဒီနှစ်ခုကြားမှာ ဆုံးဖြတ်ဖို့ ဖြစ်လာပါတယ်။ ဒါပေမယ့် ကျွန်းတောတွေအကုန်လုံးကို ချက်ချင်းခုတ်ခွင့်ပေးလိုက်ဖို့ မဟုတ်တဲ့အတွက်ကြောင့် နည်းနည်းခံသာသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ Sir. Dietrich. Brandis က သူမြန်မာပြည်ရောက်ပြီး လွန်ခဲ့တဲ့ငါးနှစ်အတွင်း သစ်တောအတွင်းမှာ Linear valuation surveys လုပ်ခဲ့လို့ ဘယ်တောကကျွန်းပင် သစ်လုံးသစ်ဖန်ပိုကောင်းတယ်၊ ဘယ် တောကညံ့တယ်ဆိုတာ သိထားလို့ပါပဲ။ ပြောရရင် သစ်တောကြီးတွေထဲမှာ ကျွန်းပင်ပါဝင်မှု ရာခိုင်နှုန်း၊ ကျွန်းပင်ကြီးထွားမှုနှုန်းစသည်တို့ကို ဒေသအလိုက် သူသိထားတယ်ပေါ့။ ကောင်းတဲ့ကျွန်းတောတွေကို လောလောဆယ်အားဖြင့် ကုန်သည်တွေကိုခုတ်ခွင့်မပေးခဲ့ဘဲ သစ်တောဌာနရဲ့ အုပ်ချုပ်မှုအောက်မှာထားခဲ့ပါတယ်။ ကျန်တဲ့ တောညံ့ကိုသာ ကုန်သည်တွေကိုဖွင့်ပေးခဲ့တယ်။ လုပ်လိုက်ပုံက အမိန့်လည်းမဖီဆန်၊ တောကိုလည်း ထိန်းခဲ့တဲ့လုပ်နည်းပါပဲ။

ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းက ကျွန်းသစ်တောတွေ (တောညံ့၊တောခြောက်တွေ)နဲ့ မုတ္တမအနီးကတောတွေကို သင်းသတ်ပြီးမှ ထုတ်ယူရမယ့်နည်းနဲ့ သစ်ထုတ်ယူခွင့်ပေးခဲ့ပါတယ်။ သင်းသတ်တယ်ဆိုတာ ကျွန်းပင်အောက်ခြေတစ်ဝိုက်ကိုရစ်ပြီး အနှစ်သားပေါ်တဲ့အထိ တစ်ပတ်လည်ခုတ်ပေးရတာကိုပြောတာပါ။ သင်းသတ်ပြီး သုံးနှစ်ကြာ ပင်ထောင်မတ်တတ်အတိုင်းထားရပါတယ်။ အဲဒီလိုလုပ်ရင်အပင်ဟာမတ်တတ်ခြောက်ပြီး သေသွားပါတယ်။ သို့သော်လည်း အပင်ဟာမြေကြီးနဲ့ ထိမနေတဲ့အတွက် ညီညာစွာသစ်အသားသေစေပါတယ်။ ခြောက်တော့ပေါ့ပါးပြီး ရေမျှောထုတ်ယူနိုင်လို့ သစ်ထုတ်ခလည်း သက်သာစေပါတယ်။ ဒီလိုလုပ်ပြီးမှ သစ်ထုတ်စေတာကိုလည်း ကျန်နိုင်ငံခြားသားတွေက ဒါဟာ Brandis Theory ရယ်လို့ ပြောသံကြားရတော့ Brandis က သူ့ Theory မဟုတ်ကြောင်း၊ ရှေးကတည်းက မြန်မာတွေကျင့်သုံးလာတာဖြစ်ကြောင်း၊ အလွန်ကောင်းမွန်သောအလေ့အကျင့်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ သင်းသတ်ပြီးမှ ထုတ်ယူရတယ်ဆိုတော့ သင်းသတ်ပြီးနောက် ထုတ်ယူရောင်းချဖို့ သုံးနှစ်စောင့်ရဦးမယ်လေ။ သစ်ထုတ်ယူခွင့်ကာလကိုတော့ အချို့တောတွေကို သုံးနှစ်၊ အချို့တောတွေကို ခြောက်နှစ်အထိ ထုတ်ယူခွင့်ပြုပေးခဲ့ပါတယ်။ ပြီးတော့ သင်းသတ်လုပ်ငန်းကို သစ်တောဌာနက တာဝန်ရှိသူတွေက လုပ်ပေးရမယ်ဆိုတာကိုပါ ထည့်လိုက်သေးတယ်။ ကုန်သည်ကိုသာ သင်းသတ်ခွင့်ပြုလိုက်ရင် ငယ်တဲ့ကျွန်းပင်တွေပါ သင်းသတ်ပြီးခုတ်လှဲသွားမှာကိုတားဆီးနိုင်အောင်လို့ပါ။ တစ်နည်းအားဖြင့် ကုန်သည်တွေ လုပ်ချင်တိုင်းလုပ်မရအောင် တားဆီးခဲ့တဲ့သဘောပါ။ သို့သော်လည်း သူထင်တဲ့အတိုင်းပဲ ကုန်သည်တွေက စီးပွားရေးအမြင်လောက်နဲ့ ခုတ်လိုက်ကြတာ အဲဒီတောတွေ ကုန်ပါလေရော။ တော်သေးတာပေါ့။ တောခြောက်၊ တောညံ့တွေပဲ ခုတ်ခွင့်ပြုလိုက်ခဲ့မိလို့။

အဲဒီတော့မှ Sir. Dietrich. Brandis က သက်ဆိုင်ရာအာဏာပိုင်တွေကို တွေ့လားဆိုတဲ့သဘောနဲ့ထောက်ပြလိုက်တော့ ကျန်တဲ့ပဲခူးရိုးမကျွန်းတောကြီး ထိခိုက်ဖို့ကိစ္စဖြစ်မလာတော့ဘူးပေါ့။ ပြောရရင်ပဲခူးရိုးမကျွန်းတောကြီးကို ကာကွယ်နိုင်ခဲ့ပါတယ်။

"Subsequently a different view of the question was taken by the Government; the arrangements which had been made could not, however, be canceled. The mischief had been done, but fortunately, it had been limited to the less valuable districts. The really valuable forests, which in 1861 had been retained in the hands of the Government, had been saved, and this made it possible to maintain a good system of management. As regards those forests for which leases or permits had been granted, they were resumed when the term expired, and some of the permits had to be canceled sooner, because it was discovered that the agents of the permit-holder had illicitly griddled Teak on a very large scale."

ဒီအတွေ့အကြုံကနေပြီး မြန်မာ့သစ်တောများကို ပုဂ္ဂလိကသစ်ထုတ်လုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ပေးသင့်တယ်ဆိုတဲ့ အယူအဆမှားကို ထောက်ပြခဲ့သလိုလည်း ဖြစ်ခဲ့ပါတယ်။

ဒီကိစ္စလေးကို ခြုံငုံသုံးသပ်ရရင်

(၁) Sir. Dietrich. Brandis ရဲ့ ၁၈၅၆ ခုနှစ်က အခြေခံမူဟာ ယနေ့ခေတ်စားနေတဲ့ Sustainable Forest Management (SFM) ကို ထည့်သွင်းစဉ်းစားထားပါတယ်။ အဲဒီ (SFM) ဖြစ်အောင် သဘာဝကျွန်းတောများကို မပျောက်ပျက်အောင် ထိန်းနိုင်ဖို့က အရေးကြီးနေပါတယ်။
(၂) ယနေ့ သင်္ဘော(ပင်လယ်ကူးသင်္ဘော)တွေ အားလုံး သစ်အစား သံထည်တွေ ၁၀၀ ရာခိုင်နှုန်းသုံးနေကြသော်လည်း ကျွန်းသစ်ရဲ့ဈေးနှုန်းဟာ ပိုမိုကြီးထွား (ကျွန်းသစ်ကောင်းဆိုလျှင် လုံးတန်တစ်တန်ကို U.S $ 4000 – 5000 )လာလို့ ကုန်သည်တို့ အမြော်အမြင်နည်းပါးစွာပြောခဲ့တဲ့ "Teak would soon be a thing in the past နှင့် teak would be a drug in the market" ဆိုတာ မဟုတ်ပါလား။ ဒီအဖြစ်အပျက်မှာ ကုန်သည်တွေရဲ့ စရိုက်ကိုလည်းမြင်သာခဲ့ပါတယ်။
(၃) သည်လိုဆိုရင် ကိုယ့်မြေကိုယ့်ရေသည် ကျွန်းပေါက်ဖို့ ပတ်ဝန်းကျင်အခြေခံကောင်းတွေ ရှင်သန်တည်ရှိနေတော့ ဒီပတ်ဝန်းကျင်ကောင်း (Surviving eco-system services) ကို **<u>မပျက်စီးစေသော နည်းလမ်းများ</u>** ကျွန်းစိုက်ခင်းများ အောင်မြင်အောင်စိုက်သော် တိုင်းပြည်၏ အဓိကဝင်ငွေဆက်လက်တည်ရှိနိုင်ပါတယ်။
(၄) ဒါ့အပြင်ပညာရှင်ဘက်က ရပ်တည်ထောက်ခံခဲ့ပြီး ကုန်သည်စကားနားမယောင်ခဲ့တဲ့ တစ်နည်းအားဖြင့် ကျွန်းပင်အားလုံးခုတ်ခွင့်ပြုဖို့ သဘောမတူခဲ့တဲ့ Sir. Arthor Phayer ကဲ့သို့ အုပ်ချုပ်ရေးဘက်က အရာထမ်း၊ အမှုထမ်းများလည်း တွေ့ခဲ့ရပါတယ်။ တိုင်းပြည်တည်ထောင်ရာမှာ ပညာရှင်များရဲ့ စကားဟာအရေးပါလှပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ » »

# ဝန်ကြီးဌာနများကို ပေါင်းစပ်ဖွဲ့စည်းသည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြာမြင့်သည့်အချိန်ကို လျှော့ချနိုင်

**နေပြည်တော် မတ် ၁၈**

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၆၅၃)ဦးအနက် (၆၄၃)ဦး တက်ရောက်ခဲ့ကြကာ (၁၀)ဦးခွင့်တိုင်ကြားခဲ့သည်။

အစည်းအဝေးတွင် **နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်**က ပြည်ထောင်စုအစိုးရဖွဲ့စည်းရန် လျာထားသည့် ဝန်ကြီးဌာန ၂၁ ခုဆိုသည့်အရေအတွက်သည် နိုင်ငံတကာမှ အစိုးရများ၏ ဝန်ကြီးဌာနများဖွဲ့စည်းပုံနှင့် နှိုင်းယှဉ်လျှင်လည်း သင့်တင့်သည့် အရေအတွက်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူဦးရေသန်း ၃၂၀ ကျော်ရှိသည့် အမေရိကန်နိုင်ငံတွင် ဝန်ကြီးဌာန ၁၅ ခုဖြင့် ဖွဲ့စည်းထားပါကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း ဝန်ကြီးဌာန ၂၀ ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့နိုင်သကဲ့သို့ စင်ကာပူနိုင်ငံတွင်လည်း ဝန်ကြီးဌာန ၁၇ ခုသာ ရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ**က ကျန်းမာရေးနှင့် အားကစားကို ပူးပေါင်း၍ရမည်ဟုလည်း ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာခြင်းမှာ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၌ ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၏ အသီးအပွင့်ပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် ဝန်ကြီးအရေအတွက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။



ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

**မုံရွာမဲဆန္ဒနယ်မှ ဦးသန့်စင်မောင်**က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံထားရသူက ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန ၂၁ ခုသာ ဖွဲ့စည်းမည်ဟု တင်ပြလာပါကြောင်း၊ ယခုကဲ့သို့ ဖွဲ့စည်းလိုက်မည်ဆိုပါက စွမ်းရည်ထက်မြက်သည့် ဝန်ကြီးဌာနဖြစ်၊ မဖြစ်ကို ပြည်သူလူထုက စိုးရိမ်ပူပန်မှုများ ရှိနေကြပါကြောင်း၊ သို့သော်လည်း အမှန်တကယ်တွင် သင့်လျော်အောင်ဖွဲ့စည်းထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အချို့ဝန်ကြီးဌာနများ ပူးပေါင်းလိုက်ခြင်းမှာ ယခင်ဖွဲ့စည်းခဲ့သည့်အတိုင်း ဖြစ်ပါကြောင်း၊ သို့ရာတွင် သမဝါယမဝန်ကြီးဌာနကို မည်သည့်ဌာနအောက်တွင် ထားမည်ဆိုသည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့် ပြည်ပချေးငွေများရယူပြီး ကျေးလက်ပြည်သူများကို ချေးငွေများကို ထုတ်ပေးနေသည့်အတွက် လုပ်ငန်းချင်းတူသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်တွင် ထားသင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်**က ဝန်ကြီးဌာနများ လျှော့ချခြင်းကို အလေးအနက် ကြိုဆိုပါကြောင်း၊ ယခုတင်ပြထားသည့် ဝန်ကြီးဌာနများထဲတွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနတစ်ခုပါဝင်ပြီး ယခင်က ယင်းဝန်ကြီးဌာန မရှိခဲ့ပါကြောင်း၊ ယင်းဝန်ကြီးဌာနမှာ ယခုမှပေါ်ပေါက်လာမည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း၊ လွှတ်တော်သို့ တင်ပြထားသည့်ဝန်ကြီးဌာနစာရင်းများထဲတွင် ဝန်ကြီးဌာန ၄ ခုခန့် နာမည် မတွေ့ရတော့ပါကြောင်း၊ အဆိုပါဝန်ကြီးဌာနများမှာလည်း ဝန်ကြီးဌာနများ ပေါင်းစပ်လိုက်သည့်အထဲတွင် ပါဝင်သွားသည်ကို သိရပါကြောင်း၊ သို့သော်လည်း မည်သို့ပူးပေါင်းလိုက်သည်ကို နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအသေးစိတ်သိရှိရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာအောင်သူ**က ဝန်ကြီးဌာနများကို လိုအပ်သလို ပေါင်းစပ်ဖွဲ့စည်းသည့်အတွက် လုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် စွမ်းဆောင်ရည်မြင့်မားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြာမြင့်သည့်အချိန်ကို လျှော့ချနိုင်ခြင်းအကျိုးများကို ရရှိမည်ဖြစ်ပါကြောင်း၊ တိုးချဲ့ဖွဲ့စည်းသည့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနသည်လည်း အမျိုးသားရင်ကြားစေ့ရေးအတွက် အမှန်တကယ် စွမ်းဆောင်ပေးနိုင်မည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါကြောင်း၊ ယင်းဝန်ကြီးဌာနက ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး စသည့် နိုင်ငံတော်၏ ဦးတည်ချက်များကိုလည်း ပြည့်ဝစေရန် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ခြင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အပြန်အလှန်လေးစားရေးကို ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

> **တိုးချဲ့ဖွဲ့စည်းသည့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနသည်လည်း အမျိုးသားရင်ကြားစေ့ရေးအတွက် အမှန်တကယ် စွမ်းဆောင်ပေးနိုင်မည့် ဝန်ကြီးဌာနတစ်ခုဖြစ်ပါကြောင်း၊ ယင်းဝန်ကြီးဌာနက ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးစသည့် နိုင်ငံတော်၏ ဦးတည်ချက်များကိုလည်း ပြည့်ဝစေရန် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ပြီးဆုံးကြောင်းနှင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မတ် ၂၁ ရက်တွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၁၊ နည်းဥပဒေ ၂၄ တို့နှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေးကြေညာသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင်ကျင်းပရန်လျာထားကြောင်း သိရသည်။

ယနေ့ လွှတ်တော်အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ လေ့လာသူ(၂၉၃)ဦးနှင့် ပန်းတောင်းမြို့နယ် ရွှေပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းမှ ကျောင်းသား ကျောင်းသူ (၄၆) ဦး စုစုပေါင်း (၃၃၉) ဦး လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



## ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သံအမတ်ကြီးများအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသံအမတ်ကြီး H. E. Mr. Roland Kobia အား ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H. E. Mr. Lee Baek-Soon အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း **(အပေါ်ပုံ)**၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H. E. Mr. Tateshi HIGUCHI အား ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သံအမတ်ကြီးများအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Tateshi HIGUCHI အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဥရောပသမဂ္ဂသံအမတ်ကြီး H. E. Mr. Roland Kobia အား ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း **(အောက်ပုံ)** နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၏ အပြည်ပြည်ဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်အား တွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ၏ အပြည်ပြည်ဆိုင်ရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စ ရောင်ဟွေ့ဟွာနှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် အပြန်အလှန်နားလည်မှုရှိစွာဖြင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



❐ **မွန်ပြည်နယ်မှ**

ယင်းအခြေခံကောင်းများနှင့်အတူ ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထို့ပြင် ယင်းသဘောတူစာချုပ်ကို အခြေခံပြီး မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့သည့်အတွက် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းကလည်း စည်းလုံးညီညွတ်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

■ ■

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ကျင်းပ

**ရန်ကုန် မတ် ၁၈**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးတတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသနှင့် အခမ်းအနားမှူးဆရာတော်အဖြစ် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋ္ဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မတို့က ဆောင်ရွက်တော်မူကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် အစည်းအဝေးသို့ကြွရောက်တော်မူကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်းနှင့် ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ယင်းနောက် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

နေ့လယ်ပိုင်းအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ၂၅ ရာခိုင်နှုန်း အနားယူခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အရ ပထမသုံးနှစ်သက်တမ်းတွင် အနားယူသွားကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ အမည်စာရင်းကိုတင်သွင်းခြင်း၊ အခြေခံစည်းမျဉ်းသစ်အရ အစားထိုး ရွေးချယ်ခံရသည့် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များ၏ အမည်စာရင်းကို အကျိုးတော်ဆောင် ဆရာတော်က ဖတ်ကြားတင်သွင်းပြီး သဘာပတိဆရာတော်က အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဆရာတော်များနှင့် တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များ၏ အမည်စာရင်းကို ဥက္ကဋ္ဌဆရာတော်က ဖတ်ကြားတင်သွင်းပြီး သံဃာ့ဆန္ဒရယူအတည်ပြုသည်။

ထို့နောက် နိုင်ငံတော်သံဃာ့ဝိနိစ္ဆယအဖွဲ့ဝင် ဆရာတော်များအား နိုင်ငံတော်ဝိနည်းဓိုရ် လက်မှတ်များဆက်ကပ်ပြီး သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးတွင်ချမှတ်ခဲ့သည့် အစားထိုးရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ်တစ်ပါးကျစီ လက်မှတ်ရေးထိုးတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ နိဂုံးချုပ် ဥယျောဇနကထာကို နာယူတော်မူကြပြီး ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြကာ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူရှင် မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)-ဇနီး ဒေါ်ခင်သန်းနွဲ့၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဇနီး ဒေါ်သန်းသန်းနွဲ့၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)-ဇနီး ဒေါ်စမ်းစမ်းရီ၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို) - ဇနီး ဒေါ်ခင်လေးမြင့်၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)-ဇနီး ဒေါ်ခင်နှင်းဝေ၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)-ဇနီး ဒေါ်မာလာတင့်နှင့် မဟာသရေစည်သူ ဇေယျကျော်ထင် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)- ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစုတို့က တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သန်လျက်စွန်း အတွင်းစည်းခံ့ရေလမ်းကြောင်း အကြီးစားသောင်တူးလုပ်ငန်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော် အကုန်ကျခံဆောင်ရွက်နေ

**ရန်ကုန် မတ် ၁၈**

ကုန်သင်္ဘောကြီးများ ပိုမိုဝင်ရောက်နိုင်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် ရန်ကုန်ဆိပ်ကမ်း သန်လျက်စွန်း အတွင်းစည်းခံ့ ရေလမ်းကြောင်း အကြီးစား သောင်တူးလုပ်ငန်းကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

"ရန်ကုန်မြစ်ရဲ့ ရေစူးကန့်သတ်ချက်ကြောင့် သင်္ဘောကြီးရင် တိုက်ရိုက်မဝင်နိုင်ဘူး။ သင်္ဘောနှစ်စင်း၊ သုံးစင်းနဲ့ ကုန်ပစ္စည်းတွေကို သယ်ယူရတယ်။ အခုလို တူးဖော်လိုက်တဲ့အတွက် သင်္ဘောကြီးတွေလည်း ဝင်နိုင်ပြီး အချိန်နဲ့ ကုန်ကျစရိတ်တွေ လျှော့ချနိုင်မယ်။ အရင်လို ရေတက်ချိန်ကို စောင့်ဆိုင်းစရာ မလိုတော့တဲ့အတွက် ကုန်စည်စီးဆင်းမှုတွေမြန်ဆန်သွားမှာပါ။ ဒါကြောင့် တိုးတက်လာတဲ့ ကုန်သင်္ဘောတွေကို ကိုင်တွယ်နိုင်ဖို့ ရန်ကုန်မြစ် ရေကြောင်းပြုပြင်ထိန်းသိမ်းတာကို လုပ်ဆောင်နေပါတယ်"ဟု ရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်ထူးက ပြောသည်။



**ရန်ကုန်ဆိပ်ကမ်း သန်လျက်စွန်း အတွင်းစည်းခံ့ရေလမ်းကြောင်းအား မတ် ၁၈ ရက်က အကြီးစားသောင်တူး လုပ်ငန်း ဆောင်ရွက်နေသည်ကိုတွေ့ရစဉ်။**

ရန်ကုန်မြစ်သည် တစ်နှစ်ထက်တစ်နှစ် သင်္ဘောဝင်ထွက်များပြားလာသည့်အတွက် မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းကို ဒိန်းမတ်နိုင်ငံမှ Boskalis ကုမ္ပဏီက မတ် ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၁၅ ရက်ခန့်ကြာမြင့်မည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ရန်ကုန်မြစ်ရေလမ်းကြောင်း အလျားရေမိုင် ၁ ဒသမ ၈ မိုင်၊ အကျယ်မီတာ ၁၀၀ နှင့် ရေအနက် အနည်းဆုံး ငါးမီတာ တူးဖော်ရန်လျာထားကြောင်း သိရသည်။

အဆိုပါ ရေလမ်းကြောင်းသည် အချိုးကွေ့ ထောင့်ချိုးကြီးမားသည့်နေရာများ ပေါ်များခြင်း၊ ရေတိမ်စည်းခုံများဖြတ်သန်းရခြင်း၊ ရေလမ်းကြောင်းတစ်လျှောက် ရေတိမ်နေရာများရှိခြင်းတို့ကြောင့် လက်ရှိအခြေအနေတွင် ရေတက်မှသာ သွားလာရပြီး ရေလမ်းကြောင်းကျဉ်းမြောင်းသည့် နေရာများရှိခြင်း၊ ရေစီးကြမ်းခြင်းတို့ကြောင့် ဝင်ထွက်နိုင်သည့် ရေယာဉ်အရွယ်အစား ကန့်သတ်ချက်အနေဖြင့် ရေစူး ကိုးမီတာရှိပြီး တန်ချိန် ၁၅၀၀၀ ရှိသည့် ရေယာဉ်များကိုသာ ဝင်ထွက်ခွင့်ပြုထားသည်။

"ရန်ကုန်မြစ်က ရေစူးတိမ်လို့ ရေစူးနက်တဲ့ သင်္ဘောကြီးတွေဆို တစ်လကို ၉ ရက်လောက်ပဲ ဝင်လို့ရတယ်။ သောင်တူးပြီးရင်တော့ တစ်လကို ရက် ၂၀ ဝင်လို့ရမယ်။ ရေစူးကန့်သတ်ချက်ကြောင့် အတွင်းဆိပ်ကမ်းကို တိုက်ရိုက်မဝင်နိုင်ဘဲ အလေးချိန်လျှော့ပြီးမှ ဝင်ရောက်ရတာမျိုးလည်း လျော့သွားမှာဖြစ်လို့ အချိန်နဲ့ ကုန်ကျစရိတ်ကိုလျှော့ချသွားနိုင်မှာပါ"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သင်္ဘောကိုယ်စားလှယ်လုပ်ငန်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ထွန်းလွင်က ပြောသည်။

ရန်ကုန်မြစ်၏ ကုန်သင်္ဘောများဝင်ထွက်မှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ရန်ကုန်ဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘော ၆၆ စင်းအနက် ၅၄ စင်း ပြေးဆွဲလျက်ရှိပြီး ရန်ကုန်ဆိပ်ကမ်းသို့ ၂၀၁၀- ၂၀၁၁ ဘဏ္ဍာနှစ်တွင် ၁၀၈၃ စင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၅၀၅ စင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၇၉၃ စင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၈၉၁ စင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၂၀၀၂ စင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ဖေဖော်ဝါရီ အထိ) ၁၈၆၈ စင်း ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် Maintenance Dredging Type သောင်တူးသင်္ဘောလေးစင်းဖြင့် အတွင်းစည်းခံ့ရေလမ်းကြောင်းကို ၄ ဒသမ ၂ မီတာရှိစေရန် နှစ်စဉ်ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဧပြီလတွင် Starhigh ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် အတွင်းစည်းခံ့ ရေအနက်တိုးတက်ရန် Capital Dredging ကို အကြီးစားသောင်တူးရေယာဉ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အပြင်စည်းခံ့လမ်းကြောင်းကို သောင်တူးထိန်းသိမ်းမှုမပြုနိုင်ဘဲ ရေကြောင်းတိုင်းတာ စောင့်ကြည့်မှု၊ သဘာဝအတိုင်းပြုပြင်မှုဖြင့်သာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး(ပဏီတ)**

စာအုပ်စာပေ
လှူ့မိတ်ဆွေ

## ပြည်တွင်းရေးရာ

**❒ ကျောဖုံးမှ**

ဖြေ။ ။အရင်နွေရာသီတုန်းကတော့ အရိပ်ရတဲ့တွေကို ပြုပြင်ပေးတာလောက်နဲ့ မျိုးစိတ်အချို့ကို ဒဏ်ခံအားဆေးတွေ တိုက်ကျွေးတာလောက်ပဲရှိတယ်။ အခုနွေရာသီမှာတော့ အပူချိန်ပိုပြင်းလာလို့ အရိပ်ရတဲ့တွေ ထပ်တိုးဆောက်လုပ်တယ်။ သောက်သုံးရေအလုံအလောက်ရရှိအောင် ဂရုတစိုက်ဖြည့်ဆည်းပေးတယ်။ ရာသီဥတုပူပြင်းမှုကြောင့် ဖြစ်ပေါ်တတ်တဲ့ ရေနဲ့ သတ္တုဓာတ် ဆုတ်ယုတ်မှုတွေ၊ အပူရှပ်တာမျိုးတွေကို ကာကွယ်နိုင်ဖို့ No-stress , Hi C စတဲ့ ဒဏ်ခံအားဆေးတွေ ပုံမှန်တိုက်ကျွေးတယ်။ အအေးကြိုက်တဲ့ တိရစ္ဆာန်မျိုးစိတ်ရယ်လို့တော့ သိပ်မရှိပါဘူး။ ဒေသရာသီဥတုနဲ့ လိုက်လျောညီထွေရှိတဲ့ တိရစ္ဆာန်တွေက များပါတယ်။ အအေးဓာတ်ကြိုက်တဲ့ ပန်ဒါနီ(ခေါ်) ကြောင်ဝံ (Red Panda)တွေကိုတော့ အပူဒဏ်ကာကွယ်ဖို့ အခန်းတွင်းမှာ လေအေးပေးစက်တွေ တပ်ဆင်ပြီး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။

**မေး။ ။တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)မှာ မျိုးစိတ်ဘယ်လောက်ရှိသလဲ။ ဘယ်မျိုးစိတ်တွေက အပူဒဏ်အဓိကထားပြီး ကာကွယ်ရမယ့် မျိုးစိတ်တွေလဲ။**

ဖြေ။ ။တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှာ နို့တိုက်သတ္တဝါ ၃၈ မျိုး (အကောင်ရေ ၃၄၈ ကောင်)၊ တွားသွားသတ္တဝါ ၃၅ မျိုး(အကောင်ရေ ၂၉၀)၊ ကျေးငှက်သတ္တဝါ ကိုးမျိုး(၅၆ ကောင်) စုစုပေါင်း မျိုးစိတ် ၈၂ စိတ် (အကောင်ရေ၆၉၄ ကောင်)ကိုပြကွက် ၂၇ ခုနဲ့ ပြသထားပြီး ဆာဖာရီဥယျာဉ် (နေပြည်တော်မှာ)တော့ နို့တိုက်သတ္တဝါ ၁၇ မျိုး(အကောင်ရေ ၂၁၆ ကောင်)၊ ကျေးငှက်သတ္တဝါနှစ်မျိုး (အကောင်ရေ ၃၃ ကောင်) စုစုပေါင်း မျိုးစိတ် ၁၉ စိတ်(အကောင်ရေ ၂၅၉ ကောင်)ကိုပြကွက် ၁၃ ခုနဲ့ ပြသထားပါတယ်။ အပူဒဏ်ကို အဓိကထားကာကွယ်ရမယ့် မျိုးစိတ်ကတော့ ပန်ဒါနီပါပဲ။

**မေး။ ။ အပူချိန်မြင့်မားလာမယ်ဆိုရင် တိရစ္ဆာန်သေဆုံးမှုရောမြင့်လာနိုင်သလား။**

ဖြေ။ ။အပူချိန် မြင့်မားလာတာနဲ့ တိရစ္ဆာန်သေဆုံးမှုကတော့ တိုက်ရိုက်အချိုးမကျပါဘူး။ အပူဒဏ်ပြင်းလာရင် တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးကို များစွာသက်ရောက်မှုတော့ ရှိပါတယ်။ ဒါပေမယ့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းကသာ အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။အပူချိန်ဟာ အရင်နှစ်တွေကနဲ့ မတူဘဲ ပိုပြီးမြင့်မားလာတဲ့နှစ်ဆိုတော့ လေ့လာသူတွေအတွက်ရော ဘယ်လိုပြင်ဆင်ထားလဲ။ ပြီးတော့ နှစ်စဉ်လေ့လာသူဦးရေဘယ်လောက်ရှိလဲဆိုတာလဲ သိပါရစေ။**

ဖြေ။ ။လေ့လာသူတွေအတွက်တော့ ရေပန်းဝိုင်းတွေ၊ ရေနေငှက်ခြံတွေ၊ နားနေဆောင်တွေအနီးမှာ Springler တွေ ဖွင့်လှစ်ပေးထားပါတယ်။ ပြီးတော့ အခါကြီးရက်ကြီးတွေမှာဆိုရင်လည်း စတုဒိသာကျွေးတာတွေ လုပ်ပါတယ်။ နှစ်စဉ် လေ့လာသူဦးရေကတော့ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)မှာ ၂၀၁၄ က ၃၃၀၀၀၊ ၂၀၁၅ မှာ ၃၉၀၀၀ အထိဝင်ရောက်ခဲ့ပြီး ဆာဖာရီဥယျာဉ်(နေပြည် တော်)မှာတော့ ၂၀၁၄ က ၁၃၅၀၀ နဲ့ ၂၀၁၅ မှာ ၁၄၀၀၀ ခန့်အထိ ဝင်ရောက်ခဲ့ပါတယ်။

**မေး။ ။တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)မှာ ဘယ်လိုရှားပါးမျိုးစိတ်တွေရှိသလဲ။ ရှားပါးတိရစ္ဆာန်တွေကို ဘယ်လိုထိန်းသိမ်းဖို့လိုသလဲဆိုတာလဲ ပြောပြပေးပါ။**

ဖြေ။ ။ရှားပါးမျိုးစိတ်ကတော့ ရှားပါးမြန်မာမျိုးစိတ်ဆိုရင် ပန်ဒါနီ၊ ကြိုးကြာ၊ ကျား၊ ရွှေသမင်တို့လို ရှားပါးမျိုးစိတ်



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှ မန်နေဂျာ ဦးဝေဠု။

တွေရှိတဲ့အပြင် မျောက်လွှဲကျော် (လက်ဖြူ)နဲ့ မျောက်လွှဲကျော် (မျက်ခုံးဖြူ)တို့လို ရှားပါးမျိုးစိတ်တွေလည်း ရှိပါတယ်။ ရှားပါးမျိုးစိတ်တွေ ထိန်းသိမ်းဖို့နဲ့ အကောင်ရေတိုးပွားဖို့ကတော့ သားစပ်သားဖောက်ရေးစီမံချက်တွေ၊ ဌာနအချင်းချင်းသော်လည်းကောင်း၊ ပြည်ပ အဖွဲ့အစည်းတွေနဲ့သော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ဖို့ လိုသလို မေထုံမွဲသားစပ်နည်းပညာကလည်း မျိုးစိတ်ထိန်းသိမ်းရေး လုပ်ငန်းမှာ အများကြီးအသုံးဝင်ပါတယ်။ သုတေသနလုပ်ငန်းတွေ ဆောင်ရွက်ဖို့လည်း အများကြီး လိုအပ်ပါတယ်။

**မေး။ ။အဲဒါဆိုရင် လက်ရှိ ဘယ်လို အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလဲဆိုတာလေး ပြောပြပါလား။**

ဖြေ။ ။အပူဒဏ် ကာကွယ်ရေးအတွက်တင်မဟုတ်ဘဲ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအတွက်ဆိုရင် ပြည်တွင်း/ပြည်ပက ပညာရှင်တွေ၊ ပြည်တွင်းအဖွဲ့အစည်းတွေ၊ ပြည်ပအဖွဲ့အစည်းတွေ အထူးသဖြင့် ထိုင်းနိုင်ငံက Zoological Park Organization လိုမျိုး အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ ခုနှစ် မတ်လတွင်လည်းကောင်း၊ ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် Htoo Zoos & Gardens Bussiness Limited မှ လွှဲပြောင်းယူခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် ဆာဖာရီဥယျာဉ်(နေပြည်တော်)တို့ကို လာရောက်လည်ပတ်သည့် ပြည်သူများ အပန်းဖြေပျော်ရွှင်မှုရရှိစေရန်၊ ဗဟုသုတရရှိစေရန်၊ ကျောင်းသားကျောင်းသူများ သတ္တဗေဒနှင့် ရုက္ခဗေဒပညာရပ်များ ရှာမှီးရာတွင် အထောက်အကူရရှိစေရန်၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေးအတွက် ပြည်သူများအား စည်းရုံးပညာပေးရန်၊ သုတေသနလုပ်ငန်းဆောင်ရွက်ရန်နှင့် ရှားပါးတိရစ္ဆာန်ကျေးငှက်များ မျိုးဆက်ထိန်းသိမ်းနိုင်ရေးအတွက် မျိုးပွားစုဆောင်းရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် အယ်နီညို သဘာဝဘေးအန္တရာယ်ကျရောက်သည့်နှစ်ဖြစ်သည်နှင့်အညီ မတ် ၁၈ ရက် တိုင်းထွာချက်အရ နွေအပူချိန်မှာ အရှိန်ယူ တိုးဖို့ရန်သာရှိကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံတောင်းပိုင်းနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်နေကြောင်းနှင့် မြန်မာနိုင်ငံတစ်ဝန်းတွင်လည်း ယခုမတ်လတွင် အပူချိန်များတိုးလျက်ရှိသည့်အပြင် ဧပြီလမှ ဇွန်အထိ သုံးလအတွင်း ပျမ်းမျှအပူချိန်ထက်ပိုနိုင်ကြောင်းနှင့် မြန်မာနိုင်ငံ၌ ထူးခြားသည့်နေ့အပူချိန်မှာ အမြင့်ဆုံး ၄၁ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ နိုင်လင်းကြည်**

# ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူ လုပ်ငန်းရှင် ၁၀၀၀ အနက် ၅၀ ၏ အမည်စာရင်းထုတ်ပြန် ကမ္ဘောဇဘဏ်လီမိတက် ပထမနေရာ လေးနှစ်ဆက်ရရှိ

**ရန်ကုန် မတ် ၁၈**

၂၀၁၄-၂၀၁၅ ခုနှစ်အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူလုပ်ငန်းရှင် ၁၀၀၀ အနက် ၅၀ ဦး၏ အမည်စာရင်းအား ပြည်တွင်းအခွန်များဦးစီးဌာနက မတ် ၁၈ ရက်တွင် ထုတ်ပြန်ကြေညာရာ ကမ္ဘောဇဘဏ်လီမိတက်သည် ဝင်ငွေခွန်ငွေကျပ် ၂၂ ဘီလီယံကျော်ကို ပေးဆောင်ခဲ့ပြီး ဝင်ငွေခွန်အများဆုံးပေးဆောင်သူပထမနေရာကို လေးနှစ်ဆက်ရရှိခဲ့ကြောင်းသိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၁-၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်ငွေကျပ်(၆ ဒသမ ၀၁၅)ဘီလီယံကျော်ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဝင်ငွေခွန်-ပထမဆုကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ငွေကျပ်(၁၀ ဒသမ ၈၂၇)ဘီလီယံကျော်ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဝင်ငွေခွန်ပထမဆုကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်ငွေကျပ်(၁၇ ဒသမ ၀၆၂)ဘီလီယံ ကျော်ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ အထူးဂုဏ်ထူးဆောင်နိုင်ငံ့စွမ်းဆောင်ရည်ဆုနှင့် ဝင်ငွေခွန်ပထမဆုကို လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်ဝင်ငွေခွန်ငွေကျပ် ၂၂ ဘီလီယံ ကျော်ပေးဆောင်ခဲ့ပြီး ပထမနေရာမှ လေးနှစ်ဆက်ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်ငွေကျပ် ၂၃ ဘီလီယံပေးသွင်းပြီးဖြစ်ကာ ၂၀၁၆-၂၀၁၇ခုနှစ် အခွန်စည်းကြပ်နှစ်အတွက်ကြိုတင်ခွန်အဖြစ် ငွေကျပ် ၃၀ ဘီလီယံကိုပေးသွင်းလျက်ရှိကြောင်း၊ ၂၀၁၇-၂၀၁၈ခုနှစ်အခွန်စည်းကြပ်နှစ်အတွက်လည်း ငွေကျပ် ၃၂ ဘီလီယံကိုလည်း ပေးသွင်းရန်လျာထားကြောင်း သိရသည်။ **(ကြေးမုံ)**

**■ မြန်မာစပါးအုံးမှ**

တစ်ခါတစ်ခါ ချုပ်ကွက်ကိုအသုံးပြု၍ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ယှဉ်ပြိုင်ထိုးသတ်မှု ပထမအချီမပြီးဆုံးခင်တွင် အောင်လက အလီ၏လည်ပင်းကို အပိုင်ချုပ်လိုက်သဖြင့် အလီမှာစင်ကြမ်းပြင်ကို လက်ဖြင့်ပုတ်အရှုံးပေးလိုက်ရပြီး အောင်လအနိုင်ရရှိခဲ့သည်။

မြန်မာတွဲဆိုင်းများ၌ မြန်မာပြည်ချန်ပီယံ သပြေညိုက ကြယ်စင်ဖြိုးကို တတိယအချီတွင် လည်းကောင်း၊ ကြယ်လင်းအောင်က သွေးသစ်အောင်ကို အမှတ်ဖြင့်နိုင်ခဲ့သည်။ ဖိုးသော်က စောအယ်လေးကို ပထမအချီတွင် လည်းကောင်း၊ သားအသဲတစ်ပွင့်က ကျော်ကြားကို ပထမချီတွင်လည်းကောင်း ရဲရင့်အောင်က စန်းသူဦးကို ပထမချီတွင်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

နိုင်ငံခြားတွဲဆိုင်းများ၌ ဖိလစ်ပိုင်နိုင်ငံသား Edward Kelly က ဩစတြေးလျနိုင်ငံသား Jordan Lucas ကို ပထမချီတွင် လည်းကောင်း၊ ဘရာဇီးနိုင်ငံသား Alex Silva က ဖိလစ်ပိုင်နိုင်ငံသား Robin Catalan ကို ပထမချီတွင် လည်းကောင်း၊ စင်ကာပူနိုင်ငံသား Christian Lee က နယ်သာလန်နိုင်ငံသား Anthony Engelen ကို ပထမချီတွင် လည်းကောင်း၊ ဘရာဇီးနိုင်ငံသား Adriano Moraes က ဖိလစ်ပိုင်နိုင်ငံသား Eugene Toquero ကို ဒုတိယအချီတွင် လည်းကောင်း အသီးသီးအနိုင်ရခဲ့ကြသည်။

**သတင်း- ကိုသက်၊ ဓာတ်ပုံ - ခင်မောင်ဝင်း**

# ဘုရင့်နောင်ပွဲရုံဝင်းနှင့် ဝင်းအပြင် လမ်းပြောင်းပြန်မောင်းနှင်မှုများရှိနေ

**ရန်ကုန် မတ် ၁၈**

၂၀၁၅ မော်တော်ယာဉ်ဥပဒေအသစ်ပါ ပြဋ္ဌာန်းချက်အရ လမ်းပြောင်းပြန်မောင်းနှင်ပါက ထောင်ဒဏ်တစ်လ အရေးယူနိုင်သည်ဟုသိရှိရသည်။ သို့သော် ယာဉ်ပိတ်ဆို့မှုမကြာခဏဖြစ်ပွားတတ်သော ဘုရင့်နောင်ပွဲရုံဝင်းအတွင်းနှင့် ပွဲရုံဝင်းအပြင် ဘုရင့်နောင် လမ်းမကြီးပေါ်တွင် လမ်းပြောင်းပြန် မောင်းနှင်မှုများ မြင်တွေ့နေရသည်ဟု ပွဲရုံဝင်းအတွင်းသို့ ကုန်လာပို့သည့် ကုန်သည်တစ်ဦးကဆိုသည်။

မတ် ၁၇ရက် မွန်းလွဲ ၁ နာရီခွဲဝန်းကျင်တွင် ၁၀ဘီးကုန်တင်ယာဉ် အမှတ် 4B/---- ခေါင်းပိုင်း နီညို-ဖြူကျား အရောင်ရှိ ကုန်တင်ဆောင်ထားသော ကားကြီးတစ်စီးသည် ပွဲရုံဝင်းရှေ့ ဘုရင့်နောင်လမ်းမကြီး၏ မြို့ထဲသွား ယာဉ်ကြော၏ လမ်းလယ်ကြောလမ်းဆုံး တန်းဝါဘေးကပ်၍ လမ်းပြောင်းပြန် မောင်းနှင်မှုကို မြင်တွေ့ခဲ့ရသည်။

ထို့အတူ မတ် ၁၀ရက် ည ၇ နာရီခွဲတွင်လည်း ယင်းနေရာတွင် ကုန်သေတ္တာ တင်ဆောင်လာသော ကုန်ကားကြီးတစ်စီး ပြောင်းပြန်မောင်းနှင်လာသည်ကို မြင်တွေ့ရသည်ဟု ယင်းနေရာအနီးလိုင်းကားမှတ်တိုင်တွင် လိုင်းကားစီးရန် ကားစောင့်နေသည့် အလုံမြို့နယ်ထော်လီကွေ့တွင် နေထိုင်သည့် ပွဲရုံဝင်းအတွင်း လာရောက်အလုပ်ဆင်းသည့် ကိုတီတီကဆိုသည်။

ယင်းသို့လမ်းပြောင်းပြန်မောင်းနှင်မှုများ မကြာခဏမြင်တွေ့ရကြောင်း၊ အထူးသဖြင့်ညပိုင်းတွင် ပိုမိုမြင်တွေ့ရသကဲ့သို့ မွန်းလွဲပိုင်းတွင်လည်း မြင်တွေ့ရတတ်သည်ဟု ယင်းနေရာအနီးအလုပ်လုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ဘုရင့်နောင်ဝင်းအတွင်းမှ ယာဉ်အဝင်/အထွက်ပြုလုပ်ရာတွင်လွယ်ကူရန် လမ်းကြောင်းပြောင်းပြန် အနေအထားဖြင့် ဘုရင့်နောင်လမ်းမကြီးပေါ် မောင်းနှင်နေကြခြင်းဖြစ်သည်။ ယင်းလမ်းမကြီးပေါ်တွင် ကုန်သေတ္တာတင်ယာဉ်ကြီးများအပါအဝင် ယာဉ်မျိုးစုံအရှိန်ဖြင့် မောင်းနှင်တတ်ရာ ယာဉ်အန္တရာယ် အထူးစိုးရိမ်လျက်ရှိသည်။

ဘုရင့်နောင် ပွဲရုံဝင်းအတွင်းရှိ လမ်းသွယ်များကို တစ်လမ်းမောင်းလမ်းအဖြစ် သတ်မှတ်ထားပြီး ကားကြီးလမ်းထိပ်များတွင် လမ်းညွှန်များ ထင်ရှားစွာ ချိတ်ဆွဲထားသော်လည်း လိုက်နာမှုအားနည်းနေဆဲဖြစ်သည်။ အထူးသဖြင့် ခတ္တာလမ်းအတွင်း လမ်းပြောင်းပြန် မောင်းနှင်ရာတွင် အိမ်စီးယာဉ်ငယ်အပါအဝင် ၁၀ဘီး-၁၂ဘီးကုန်ကားများပါ မြင်တွေ့ရသည်။ အရေးယူမှုအားနည်း၍ ယာဉ်ပိတ်ဆို့မှု နေ့စဉ်ကြုံတွေ့နေရဆဲဖြစ်သည်။

ပွဲရုံဝင်းအတွင်းကို ကိုယ်ပိုင်အိမ်စီးယာဉ်ငယ်များသည် လမ်းပြောင်းပြန်မောင်းနှင်ခွင့်ရရှိနေသကဲ့သို့ဖြစ်နေသည်။ သို့ဖြစ်ရာ ၂၀၁၅ မော်တော်ယာဉ်ဥပဒေသစ်ပါသတ်မှတ်ပြဋ္ဌာန်းချက်များသည် ယာဉ်ပိတ်ဆို့မှုမကြာခဏကြုံတွေ့ရသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်း/အပြင်တို့တွင် အကျုံးဝင်အရေးယူမှု လိုအပ်နေသည်ဟု ပွဲရုံဝင်းအတွင်းရှိ ခရေလမ်း ကုန်ကားဂိတ်ပိုင်ရှင်ဦးလှဦးက သုံးသပ်ပြောဆိုသည်။

**(မောင်စေအောင်)**



# ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်းအနီးတွင် လုပ်ငန်းသုံးရန်ထားရှိသည့် ယမ်းများ မတော်တဆပေါက်ကွဲ

**ပြင်ဦးလွင် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်း စည်သာကျေးရွာ၊လေယာဉ်ကွင်းအနောက်ဘက် Hotel Sweet အဝင်လမ်းနှင့် ပြင်ဦးလွင်မန္တလေးလမ်းထောင့်ရှိ တိုက်အိမ်အတွင်း လုပ်ငန်းသုံးရန်ထားရှိသည့်ယမ်းများကိုင်တွယ်ရာမှ မတ် ၁၈ ရက် နံနက် ၁၁ နာရီဝန်းကျင်ခန့်က မတော်တဆပေါက်ကွဲခဲ့ကြောင်းသိရသည်။

"လေယာဉ်ကွင်းနဲ့ မျက်စောင်းထိုးမှာ ကျွန်တော်တို့ရောက်သွားတော့ ၁၂ နာရီလောက်မှာ ဖြစ်ပြီးနေပြီ။ ထိခိုက်တဲ့သူတွေကို ဆေးရုံပို့ထားပြီ။ ကျောက်မိုင်းခွဲတဲ့နေရာမှာ သုံးတဲ့ယမ်းတွေဖြစ်နိုင်ပြီး သူကပွတ်တိုက်မိရင်တောင် ပေါက်ကွဲနိုင်တယ်"ဟုအခင်းဖြစ်နေရာသို့ ရောက်ရှိကူညီခဲ့သူ ဦးနိုင်က ပြောသည်။

အဆိုပါယမ်းများမှာ ကျောက်မိုင်းခွဲရာတွင် အသုံးပြုသည့် ယမ်းများဖြစ်ပြီး ယင်းကဲ့သို့ မတော်တဆပေါက်ကွဲမှုကြောင့် သုံးဦးဒဏ်ရာရရှိခဲ့ပြီး ပြင်ဦးလွင်ဆေးရုံသို့ ပို့ဆောင်ထားကာတာဝန်ရှိသူများက လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အရေးပေါ်မီးငြိမ်းသတ်နိုင်ရေး ရေတိုင်ကီများ စီစဉ်ဆောင်ရွက်ပေး




**တနင်္သာရီ မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၁၆ ရက် နံနက် ၉ နာရီမှစပြီး မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်ဖြစ်သော ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက်အတွင်း လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများ၊ အခြေခံပညာကျောင်းများနှင့် စည်ပင်သာယာရေး၊ အောင်မင်္ဂလာဈေး (၁)နှင့် ဈေး(၂)တို့အနီး၌ အရေးပေါ် မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်ရန်အတွက် ပီပါပုံးများနှင့် သဲပုံးများ စနစ်တကျထားရှိခဲ့ကြကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စောမောင်ဦးစီးလျက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဟုန်စိုး၊ လမ်းဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးမိုးဇော်၊ ချောင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲဝင်း၊ ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ငွေတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဂါလန် ၅၀ ဆံ့ ရေတိုင်ကီ ပီပါ ၁၁၀ အား မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ရေယာဉ်ဖြင့် ရေများကို စဉ်ဆက်မပြတ် လိုက်လံဖြည့်ဆည်းပေးလျက်ရှိကြသည်။

ထို့အတူ တနင်္သာရီ-ဘုတ်ပြင်း(နယ်စပ်) နှင့် တနင်္သာရီ-မြိတ်(နယ်စပ်) လမ်းခရီးတစ်လျှောက်တွင်လည်း တောမီးသော်လည်းကောင်း၊ သဘာဝဘေးကြောင့် သော်လည်းကောင်း အရေးပေါ်တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အထောက်အကူပြုနိုင်ရန် ယင်းကဲ့သို့ ရေတိုင်ကီပီပါများကို ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

## အပူချိန်မြင့်မားလာသဖြင့် ဝန်းသိုမြို့နယ် ကင်းမြင်သာကျေးရွာမှ ထုတ်လုပ်သည့် မြေအိုးများရောင်းအားကောင်း

**ဝန်းသို မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကင်းမြင်သာကျေးရွာမှ ထုတ်လုပ်သော မြေအိုးများသည် နှစ်စဉ်ပုံမှန် ရောင်းချနေကြသော်လည်း ယခုနှစ်တွင် ယမန်နှစ်များထက် အပူချိန်မြင့်မားလာခြင်းကြောင့် ရောင်းအားကောင်းလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့နယ်ဘက်မှာ ကျေးရွာတချို့က လျှပ်စစ်မီးအခက်အခဲရှိတော့ ရေအေးအေးလေး သောက်ချင်သူတွေက အဝယ်များလာလို့ အိုးတွေရောင်းကောင်းနေတာပါ။ ဒီနှစ်က နယ်တွေမှာ အလှူလုပ်တာတွေမှာ အသုံးများလာသလို ဘုရားပွဲ၊ နတ်ပွဲတွေမှာ အသုံးပြုလာတာတွေလည်း ပိုများလာပါတယ်။ နှစ်စဉ် နွေဦးရောက်ရင် ပုံမှန်အတိုင်း ရောင်းချရပေမယ့် ဒီနှစ်က အပူချိန်မြင့်လာတော့ ပိုရောင်းရပါတယ်" ဟု အိုးကုန်သည်တစ်ဦးက ပြောသည်။

ကင်းမြင်သာကျေးရွာတွင် ယခင်နှစ်များက မြေအိုးဖိုတစ်ခုလျှင် တင်ပို့ရသည့် အိုးအရေအတွက်သည် တစ်နေ့လျှင် အလုံး၂၀၀ ခန့်ရှိသော်လည်း ယခုနှစ်တွင် တစ်နေ့လျှင် အိုးအရေအတွက် ၄၀၀ ခန့်တင်ပို့ရကြောင်း အိုးလုပ်ငန်းရှင်များထံမှ သိရသည်။

ကင်းမြင်သာကျေးရွာမှ ထွက်ရှိသောအိုးများမှာ သောက်ရေအိုး၊ ဘုရားပန်းအိုး၊ ထန်းရည်ခံမြေအိုး၊ အစားအစာ ပေါင်းအိုးများဖြစ်ပြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ အင်းတော်၊ ထီးချိုင့်၊ ကသာနှင့် ကချင်ပြည်နယ်အတွင်းရှိ မိုးညှင်း၊ ဟိုပင်၊ မိုးကောင်းတို့ရှိ အိုးအရောင်းဆိုင်များသို့ တင်သွင်းရောင်းချလျက်ရှိရာ ယခုနှစ်တွင် ကောလင်း၊ ဝန်းသို၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ကန့်ဘလူ၊ ကျွန်းလှ စသည့် ကျေးလက်ဒေသများသို့ ဆိုင်ကယ်များပေါ်တင်ဆောင်၍ လိုက်လံရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(စိုင်းလူမင်း)**

## ခြွေလှေ့စက်အသုံးပြုခြင်းဖြင့် လုပ်ငန်းတွင်ကျယ်ပြီး၊ အငှားလိုက်သူများ အဆင်ပြေ

**ရေစကြို မတ် ၁၈**

ယခုအခါ ရေစကြိုမြို့နယ်အတွင်းမှ ကုလားပဲ ရိတ်သိမ်းခြွေလှေ့ရောင်းချလျက်ရှိသော ကာလဖြစ်သည်။ ကုလားပဲများကို ခြွေလှေ့ရာတွင် အများစုသော တောင်သူများက ခြွေလှေ့စက်အသုံးပြု လျက်ရှိကြောင်း သိရသည်။

"ကုလားပဲခင်းက ပဲပင်တွေကို ရိတ်သိမ်းပြီး တလင်းမှာ နှစ်နေ့၊ သုံးနေ့လောက် ဖြန့်လှန်းထားပါတယ်။ အခု ကုလားပဲခြွေလှေ့စက်ကို ငှားပြီးခြွေလှေ့နေတာပါ။ အခုလိုစက်အသုံးပြုခြွေလှေ့တော့ လုပ်ငန်းတွင်ကျယ်တယ်။ အချိန်ကုန်လူပန်းသက်သာတယ်။ ကုလားပဲအပင်၊ အရိုး၊ အပျက်တွေကလည်း စက်ထဲထည့်ခြွေလှေ့တာဆိုတော့ နွားစာအတွက်လည်း အဆင်သင့်ဖြစ်သွားတယ်။ ခြွေလှေ့စက်ခကလည်း ကုလားပဲတစ်တင်းမှ နို့ဆီသုံးဘူး ပဲပေးရတာဆိုတော့ အဆင်ပြေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



"ဒီရာသီကတော့ ကုလားပဲရိတ်သိမ်းရာသီဖြစ်တော့ ခြွေလှေ့စက်က နားမနေရပါဘူး။ စက်မောင်းတာကတော့ ကိုယ့်စက်ဆီနဲ့ကိုယ်မောင်းရပါတယ်။ ကုလားပဲတစ်တင်းခြွေလှေ့ပြီးတိုင်း နို့ဆီသုံးဘူးရပါတယ်။ ကျွန်တော့်အတွက်လည်း မဆိုးပါဘူး။ အလုပ်ဖြစ်ပါတယ်"ဟု ခြွေလှေ့စက်အငှားလိုက်သူက ပြောသည်။

ယခုအခါ ရာသီဥတုပိုမိုပူပြင်းခြင်း၊ နွေသီးနှံအချိန်မီ စိုက်ပျိုးလိုခြင်းများကြောင့် ဒေသခံတောင်သူများသည် သမားရိုးကျခြွေလှေ့မှုအစား စက်များကို အသုံးပြုသူ များပြားလာကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## အယ်နီညိုဖြစ်စဉ်နှင့် ပူပြင်းသောရာသီတွင် ရေပေါများပြီး စားကျက်မြေကျယ်သောနေရာသို့ နွားမွေးမြူသူများ ရွှေ့ပြောင်းလုပ်ကိုင်

**မန္တလေး မတ် ၁၈**

အမရပူရမြို့နယ်၌ ပဲခင်းများရိတ်သိမ်းနေပြီဖြစ်သည့်အတွက် စားကျက်ပြောင်းရွှေ့လာကြသည့် နွားမခြံများမှာ ပဲရိတ်ပြီးယာကွက်များအတွင်း ယာယီနေထိုင်ပြီး အခင်းရှင်များမှာ နွားချေးကိုလယ်ကွက်အတွင်း ရရှိစေရန် ထားရှိကြသည်။

နွားခြံတစ်ခြံလျှင် နွားမကောင်ရေအနည်းဆုံး ၂၅ ကောင်မှ အကောင် ၁၀၀ အထိရှိပြီး နွားမများ အစုအဖွဲ့လိုက်စု၍ နေထိုင်လေ့ရှိသည်။ နွားမွေးသူများတွင် ကိုယ်ပိုင်နွားဖြင့် လှည့်လည်နေသူများရှိသကဲ့သို့ အငှားနွား မွေးဖက်ပေးစနစ်ဖြင့် နွားကျောင်းခြင်းပြုလုပ်သူများလည်းရှိသည်။ မွေးဖက်ပေးစနစ်တွင် ပိုက်ဆံရှိသည့် ကျေးလက်ဒေသများမှ လူများသည် နွားအကောင်ရေ ၂၀ ခန့် ဝယ်ယူပြီး အကောင်တိုးစနစ်ဖြင့် မွေးမြူကြသည်။ ထိုသူများစုပေါင်း၍ နွားကျောင်းသူ၊ မွေးဖက်မွေးသူတို့ကို ရှာကြရသည်။ လူငါးဦးပေါင်းပါက နွားအကောင်ရေ တစ်ရာခန့်ဖြစ်သွားသည်။

နွားကျောင်းသူသည် နွားကျောင်းခအဖြစ် နွားနို့ကိုညှစ်ပြီး ရောင်းချစားသောက်ကြရသည်။ နွားနို့ကို အပိုင်ရကြသည်။ တိုးပွားလာသောနွားများထဲမှ တစ်နှစ်လျှင် နွားနို့ခွဲကြီးတစ်ကောင်နှုန်း နွားကျောင်းခအဖြစ် အဖက်ပေးလေ့ရှိသည်။ နွားမများနို့ရခြင်း၊ မရခြင်းမှာ စားကျက်မြေ အစာပေါခြင်း၊ မပေါခြင်း၊ မွေးနွားများခြင်း၊ မများခြင်းပေါ်မူတည်သည်။ နွားမများသည် တစ်နှစ်တစ်သား(သို့မဟုတ်) နှစ်နှစ်တစ်သားနှုန်း မွေးလေ့ရှိသည်။ နွားကျောင်းသူများသည် နွားကျောင်းခအဖြစ်ရရှိသော နွားများကို ထပ်မံမွေးထားခြင်း၊ တစ်ခါတစ်ရံ ရောင်းစားခြင်းများ ပြုလုပ်ကြသည်။ နွားပိုင်ရှင်များကမူ နွားအကောင်ရေတိုးပွားမှုကိုသာ အလေးထားပြီး နွားမမွေးပါက ခြံထဲတွင်ဆက်မွေးပြီး နွားထီးမွေးပါက ရောင်းချလေ့ရှိကြသည်။ လက်ရှိကာလတွင် နွားနို့ခွဲကြီး ဗမာနွားတစ်ကောင်လျှင် ငွေကျပ် တစ်သိန်းကျော်နှင့် နွားမချောပါက ငွေကျပ်သုံးသိန်းခွဲမှ လေးသိန်းအထိ ရရှိသည်။

နွားခြံသမားများသည် စားကျက်ပေါသည့်နေရာ၊ လမ်းပန်းဆက်သွယ်ရေးကောင်းသည့်နေရာတွင် နေလေ့ရှိသည်။ သို့မှသာ နွားနို့ရောင်းရန် သယ်ယူရလွယ်ကူခြင်း၊ နွားခြံမှနွားချေးများကို ရောင်းချနိုင်ခြင်းတို့ပြုလုပ်နိုင်မည်ဖြစ်သည်။ နွေရာသီပဲရိတ်သိမ်းပြီးချိန်တွင် နွားမတိုက်များ စာကျက်နေရာပြောင်းရွှေ့လာကြပြီး အယ်နီညိုဖြစ်စဉ်ဖြစ်ပေါ်လာမည်ဖြစ်သည့်အတွက် ရေများစွာရှိပြီးစားကျက်မြေကျယ်သောနေရာသို့ နွားတိုက်အများအပြားပြောင်းရွှေ့လာပြီဖြစ်ကြောင်း သိရသည်။ **(တိမ်တမန်)**



## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသောနေရောင်ခြည် ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည် -

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 16+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော၊ အရောင်ရင့်သော အဝတ်အထည်များ၊ ထူသောအဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်းကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်
-အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
-ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
-အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်တွင်းရေးရာ

# သထုံတွင် ရေအခက်အခဲဖြစ်လာပါက အမြန်ဆုံးကူညီဖြေရှင်းနိုင်ရန် စီစဉ်လျက်ရှိ

**သထုံ မတ် ၁၈**

သထုံခရိုင်အတွင်း အယ်နီညိုရာသီဥတုကြောင့် ရေအခက်အခဲဖြစ်လာပါက အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံး ကူညီဖြေရှင်းနိုင်ရေးအတွက် စီမံဆောင်ရွက်ထားသည့်အပြင် ရေအခက်အခဲဖြစ်နိုင်သည့် ကျေးရွာစာရင်းများကိုလည်း ပြုစုထားကြောင်း သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ရေအရင်းအမြစ်များကို ရှာဖွေထားကာ ရေပြတ်လပ်မှုနှင့်ကြုံတွေ့လာပါက အချိန်မီဆက်သွယ်နိုင်ရန် ကျေးရွာများအား ဆက်သွယ်ရမည့်ဖုန်းနံပါတ်များပေးထားပြီး အချိန်နှင့်တစ်ပြေးညီ ရေပေးဝေနိုင်ရေးအတွက် စီစဉ်ထားကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးဝင်းက ပြောသည်။

"လက်ရှိအချိန်ကစပြီး ရေအခက်အခဲနဲ့ ကြုံနေတဲ့ရွာတွေကို ရေပေးဝေမှုတွေ လုပ်နေပါတယ်။ ဒီနှစ်က အရင်နှစ်တွေထက် ရေအခက်အခဲပိုပြီးအဖြစ်များနိုင်တယ်။ ဒါကြောင့် ဌာနအနေနဲ့ ကျေးရွာတွေမှာ ရေမပြတ်ဖို့ စီမံချက်တွေနဲ့ ဆောင်ရွက်ထားပြီး အရေးပေါ်အခြေအနေအတွက် ရေသယ်ယာဉ်တွေကိုလည်း အရန်သင့်ပြင်ထားပြီးပါပြီ"ဟု ၎င်းက ပြောသည်။

သထုံခရိုင်အတွင်း ကျေးရွာပေါင်း ၂၈ ရွာခန့် ရေအခက်အခဲကြုံတွေ့နိုင်ပြီး လက်ရှိအချိန်တွင် ကျေးရွာခြောက်ရွာခန့်၌ ရေပြတ်လပ်မှုဖြစ်ပေါ်နေရာ ၎င်းရွာများအား ရေသယ်ယာဉ်များဖြင့် ရေပေးဝေလျက်ရှိပြီး ကျေးရွာများတွင် ရေစုဆောင်းထားရှိရန် လီတာ ၁၀၀၀ နှင့် အထက်ဆံ့သော Fibre Tank တိုင်ကီများ ထားရှိပေးထားကြောင်း ဦးလှမျိုးဝင်းက ဆက်လက်ပြောကြားသည်။

"ရွာမှာက ကန်ရေကိုပဲအားထားသုံးနေရတယ်။ ပင်လယ်နားနီးလို့ စက်ရေတွင်းတူးရင်လည်း ရေငန်ပဲထွက်တော့ သုံးလို့မရဘူး။ ခုချိန်မှာတော့ ကန်ကသောက်ရေကို တစ်ရွာလုံး ချွေတာသုံးလို့ အဆင်ပြေနေသေးပေမယ့် သုံးရေကပြတ်နေပြီ။ အနီးဝန်းကျင်ရွာတွေက သွားသယ်ကြပေမယ့် ရှေ့လလောက်ဆို သူတို့ဆီမှာလည်း ရေပြတ်တော့မှာဆိုတော့ တော်တော်လေး အခက်အခဲဖြစ်မယ်ထင်တယ်"ဟု ထိန်ပင်ကျေးရွာမှ ဒေသခံ ကိုနေလင်းထိုက်က ပြောသည်။

လက်ရှိအချိန်တွင် သထုံခရိုင်ကျေးလက်ဦးစီးဌာနအနေဖြင့် ဂါလန် ၁၀၀၀ အထက် ရေသယ်ယာဉ် တစ်စီးနှင့် ဂါလန် ၁၀၀၀ နှင့်အောက် ရေသယ်ယာဉ် ခုနစ်စီးတို့ဖြင့် ရေပေးဝေလျက်ရှိပြီး **(အောက်ပုံ)**အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ခရိုင်အတွင်းရှိ ဌာဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကာ ရေအခက်အခဲပိုမိုဖြစ်သော ကျေးရွာများတွင် ရေဂါလန် ၅၀၀၀၀ နှင့်အထက် ရေလှောင်ကန်များတည် ဆောက်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**သက်ဦး(သထုံ)**



### ကမ္ဘာ့မိုးလေဝသနေ့ (၂၃.၃.၂၀၁၆)




"ရာသီဥတုဒဏ်လျော့ပါးဖို့.. ၊ အနာဂတ်အတွက်ပြင်ဆင်စို့..။"

« « စာမျက်နှာ ၆ မှ

နိဂုံးချုပ်အနေနဲ့ Sir. Dietrich. Brandis က သူရဲ့ပညာရပ်အပေါ် ခံ့မင်နှစ်သက်တန်ဖိုးထားတတ်သူဖြစ်ပြီး အတတ်နိုင်ဆုံးကာကွယ်ပေးခဲ့တာဟာ ကျွန်တော်တို့အတွက်တော့ အားကျစရာ၊ အတုယူစရာပါ။ သူသိပ္ပံနည်းကျလေ့လာပြီး နှစ်စဉ်တောထွက်ပမာဏလေ့လာသတ်မှတ်ပေးခဲ့လို့လည်း နောင်လာနောက်သားတွေ ကျွန်းပင်ကြီးကြီးမားမားကို လွန်ခဲ့သောနှစ်အတန်ကြာလောက်အထိ ပဲခူးရိုးမမှာ တွေ့ရှိခွင့်ရခဲ့ပါတယ်။ Brandis Formula ဆိုပြီးသစ်တောမှာကျန်ရှိခဲ့ပါတယ်။ ကျေးဇူးတင်လှပါတယ်။

ဒီလိုစိတ်ထဲမှာ ကျေးဇူးတင်မိတဲ့အပြင် ပဲခူးရိုးမကြီးအကြောင်း ဆက်လက်တွေးနေမိပါသေးတယ်။ ယခုအခါနိုင်ငံတော်က သွားလာရေးအဆင်ပြေအောင် ပဲခူးရိုးမဖြတ်ကျော်လမ်းတွေ ဖောက်ပေးခဲ့ပေမယ့် မသမာသူများ သစ်ခိုးထုတ်ဖို့အဆင်ပြေအောင် ဖန်တီးပေးလိုက်သလို ဖြစ်ကောင်းလည်းဖြစ်နေမှာပါ။

လွန်ခဲ့တဲ့အနှစ် ၂၀၊ ၂၅ နှစ် လောက်တုန်းက ဇူလိုင်-ဩဂုတ်လ ကျွန်းပင်များပွင့်တဲ့လများမှာ ရန်ကုန်-မန္တလေး-ရန်ကုန်လေယာဉ်နဲ့ ခရီးထွက်ခဲ့ဖူးပါတယ်။ အဲဒီအချိန်မှာ လေယာဉ်ပေါ်ကနေ ပဲခူးရိုးမကြီးကို အပေါ်စီးကနေပြီးကြည့်ခဲ့တာကို ပြန်သတိရမိတာက ကျွန်းပင်အပွင့်တွေပွင့်ချိန်မို့ ပဲခူးရိုးမကြီးဟာ ဖွေးဖွေးလှုပ်ပါပဲ။ ရန်ကုန်ဘက်ခြမ်းလေယာဉ်ဆင်းခါနီးနဲ့ မန္တလေးဘက်ခြမ်း ကွင်းပြင်ရောက်ရင်တော့သာ ဒီဖွေးဖွေးလှုပ်မြင်ကွင်းတွေ မရှိတော့တာပါ။ မကြာမီနှစ်အတွင်းက ပဲခူးရိုးမပေါ်ကိုအရင်ကလိုပဲ ဇူလိုင်-ဩဂုတ်လမှာ လေယာဉ်ခရီးနဲ့ဖြတ်သန်းပျံခဲ့တော့ ဖွေးဖွေးမလှုပ်တော့ပါဘူး။ သစ်ပင်ဆိုတာသစ်သားရရှိမှုထက်ပိုအရေးပါတာတွေအများကြီးရှိပါတယ်။ Top 22 Benefits of Trees ကိုကြည့်လိုက်ရင် သစ်ပင်ကျေးဇူး ထွေထွေထူးတွေ တွေ့နိုင်ပါတယ်။ စားစရာ၊ နေစရာကအစ ရှူဖို့လေသန့်၊ သောက်ဖို့ရေသန့် အလယ်၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းပေးတာနဲ့ ရာသီဥတုပြောင်းလဲခြင်းလျော့ပါးအောင်ထိန်းညှိပေးတာအဆုံး သစ်ပင်တွေရဲ့ကျေးဇူးတွေကြီးမားလှပါတယ်။ ဒါ့ကြောင့် ဘယ်လိုပဲဖြစ်ဖြစ် ရှိပြီးသစ်တောများကို ဝိုင်းဝန်းထိန်းသိမ်းပေး ကြပါ။ ပျောက်ကွယ်တောတွေနေရာမှာသင့်တော်တဲ့ သစ်မျိုးစိုက်ပေးကြပါ၊ ဒီလုပ်ငန်းနှစ်ခုစလုံးမှာ အားလုံးပါဝင်လုပ်ဆောင်ပေး ကြပါလို့ တိုက်တွန်းရေးသားလိုက်ပါတယ် ။ ။

**ကျမ်းကိုးကား**

1/ Brandis, Dietrich (Sir) (1896): The Burma Teak Forests, The Garden and Forests Journal, Vol. IX, Tribune Building, New York

2/ Horst Erdmann Verlag (1977). Southeast Asia and the Germans. Augsburg

3/ S. S Negi (1991). Sir Dietrich Brandis- Father of Tropical Forestry, Dehra Dun.

## ကျိုင်းတုံ၌ ရာသီသီးနှံ ဟင်းသီးဟင်းရွက် စိုက်နည်းစနစ်သင်တန်းဖွင့်

**ကျိုင်းတုံ မတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် WORLD VISION မြန်မာတို့ပူးပေါင်း၍ ရာသီသီးနှံ ဟင်းသီးဟင်းရွက် စိုက်နည်းစနစ်သင်တန်းကို မတ် ၁၇ ရက် နံနက် ၉ နာရီခန့်က ကျိုင်းတုံမြို့ တိုင်းလိခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် WORLD VISION မြန်မာမှ စိုက်ပျိုးရေးတာဝန်ခံ ဦးအားစီ၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဝင်းဇော်(မျိုးစေ့တာဝန်ခံ)၊ ခရိုင်စိုက်ပျိုးရေးဌာနမှ ဒေါ်ခင်ဌေးရီ (မြေအသုံးချရေးတာဝန်ခံ)နှင့် ပြည်နယ်စိုက်ပျိုးရေးဌာနမှ စိုင်းနေကြာတစ် (ပိုးမွှားတာဝန်ခံ) တို့က သင်ကြားပို့ချခြင်း၊ သင်တန်းသားများက အပြန်အလှန် မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါသင်တန်းသို့ WORLD VISION မြန်မာ(ကျိုင်းတုံ)၏ စီမံချက်ဝင်ကျေးရွာပေါင်း ၁၂ ရွာမှ သင်တန်းသား တောင်သူ ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**ခိုင်ဇာ(ယောမြေ)**

# ရမည်းသင်းမီးဘေးသင့်အိမ်ထောင်စုများအတွက် အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီမှ နေအိမ်သစ်များ ဆောက်လုပ်လှူဒါန်း

**ရမည်းသင်း မတ် ၁၈**

ရမည်းသင်းမြို့ မြို့မအုပ်စု ရွှေကူရပ်ကွက်တွင် ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်က ကိုငယ်လေး (ခ)မျိုးမင်းထွန်းသည် မိမိနေအိမ်ရှေ့ဓာတ်တိုင်မှ ပြုတ်ကျနေသော မီးကြိုးကို ဝါးလုံးဖြင့်ထောင်ပြီးပြန်လည်သွယ်တန်းမတင်ရာမှ အပူချိန်လွန်ကဲပြီး နေအိမ်အောက်ထပ်ရှိမီတာဘောက်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ နေအိမ် ၁၁ လုံး အိမ်ထောင်စု ၁၅ စု လူဦးရေ ၉၂ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီတွင် လေ့ကျင့်ရေးတပ်မှ တပ်မတော်သားအင်အား ၂၀၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အင်အား ၅၀ နှင့် ရပ်ကွက်ပြည်သူများစုပေါင်းကာ မီးလောင်ပြင် သန့်ရှင်းရေးကို စုပေါင်းဆောင်ရွက်လုပ်ကိုင်ကြရာ ခရိုင်မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ထောက်ကော်မတီဝင်များ လာရောက်အားပေးကြည့်ရှုကြပြီး မီးဘေးသင့်ပြည်သူများအား ရှင်မာလဲဘုရားတွင် ယာယီနေရာချထားပေးခဲ့သည်။

ရွှေကူရပ်ကွက်တွင် နေထိုင်ကြသူလူဦးရေထက်ဝက်ခန့်မှာ ရေလုပ်သားများဖြစ်သဖြင့် ပင်ပန်းဆင်းရဲပြီး နေစရာအိမ်မရှိဘဲဒုက္ခနှင့်ကြုံတွေ့ခဲ့ကြရသည်။ ရပ်ဝေး ရပ်နီးမှ စေတနာရှင်ပြည်သူများက ငွေကြေး၊ အဝတ်အထည်များနှင့် မီးဖိုချောင်သုံးပစ္စည်းများပါမကျန် လှူဒါန်းပွဲများကို ယာယီဖွင့်လှစ်ထားသည့် ရှင်မာလဲဘုရားတွင် မြို့နယ်နှင့်ရပ်ကွက်မီးဘေးကူညီစောင့်ရှောက်ရေးအဖွဲ့များက မီးဘေးသင့်ပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြသည်။



နေအိမ်သစ်များ ပြန်လည်ဆောက်လုပ်ပေးနိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်ထောက်ကော်မတီဝင်များ၏ စီစဉ်ကြိုးပမ်းမှုဖြင့် အမျိုးသားကြီး ပွားတိုးတက်ရေး ကုမ္ပဏီက နေအိမ်သစ်များ အား ဖေဖော်ဝါရီ ၂၀ရက်မှ စတင်ကာ လက်သမားလေးဖွဲ့ (အင်အား ၃၀) ဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနအဖွဲ့များ ရိုက်ပေးသည့်နေရာများတွင် ဆောက်လုပ်ပေးခဲ့သည်။

အဆိုပါ အဆောက်အအုံများမှာ သုံးပင်ပတ်လည် အဖီမပါ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ အုတ်ဖိနပ်ခံ နေအိမ်ရှစ်လုံးနှင့် အမြင့် ၁၅ ပေ၊ ၃ ပင်ပတ်လည် အဖီမပါ နေအိမ်အောက်ခန်းပါ နေအိမ်သုံးလုံး စုစုပေါင်းနေအိမ် ၁၁ လုံး တစ်လုံးလျှင် တန်ဖိုးငွေကျပ် သိန်း ၂၀ ခန့်ရှိ နေအိမ်များအား ဆောက်လုပ်လှူဒါန်းပေးခဲ့ရာ မတ် ၁၆ ရက်တွင် နေအိမ်သစ်များ ပြီးစီးနေပြီဖြစ်သည်။

မကြာမီ မြို့နယ်တည်ဆောက်ရေးကော်မတီဝင်များက နေအိမ်အလှူရှင်ဖြစ်သည့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ တာဝန်ရှိသူသို့ လွှဲပြောင်းအပ်နှံပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၅)**

# ဩစတြေးလျမှာ သွားရောက်ရိုက်ကူးမယ့် "Single Rider"



တောင်ကိုရီးယား ရုပ်ရှင်သစ် "Single Rider" ကို ယခုလ ၂၀ ရက်တွင် စတင်ကာ ဩစတြေးလျနိုင်ငံ၌ သွားရောက် ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါရုပ်ရှင်တွင် နာမည်ကျော် သရုပ်ဆောင်များဖြစ်ကြသော မင်းသား လီဗြောင်ဟွန်း၊ မင်းသမီး ဂွန်ယိုဂျင်နှင့် အာဆိုပေးတို့က ခေါင်းဆောင် ပါဝင်သွားမည်ဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အဆိုပါရုပ်ရှင်သည် လျှို့ဝှက်သည်းဖို ရုပ်ရှင်အမျိုးအစားဖြစ်ကာ ဆိုးလ်အနုပညာကျောင်းမှ ဒါရိုက်တာ လီဂျူယန်းက တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံတို့၌ ရိုက်ကူးသွားမည်ဖြစ်သော ယင်းရုပ်ရှင်သစ်တွင် လီဗြောင်ဟွန်းက "ဂျေဟွန်း" အဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကာ ဂွန်ယိုဂျင်က ဩစတြေးလျ၌ သားလေးတစ်ယောက်နှင့်အတူ နေထိုင်လျက်ရှိသော တယောပညာရှင်တစ်ဦးအဖြစ် ပါဝင်သွားမည်ဖြစ်သည်။ အဆိုပါရုပ်ရှင်၌ မင်းသမီး အာဆိုပေးကိုမူ ကျောင်းအားလပ်ရပ်များအတွင်း အလုပ်လုပ်ကာ ငွေစုဆောင်းပြီး တောင်ကိုရီးယားသို့ပြန်ရန် ကြိုးပမ်းနေသော ကျောင်းသူလေး တစ်ဦးအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

အဆိုပါရုပ်ရှင်ကို လက်ခံဖြစ်ခဲ့ပုံနှင့်ပတ်သက်ပြီး လီဗြောင်ဟွန်းက အဆိုပါရုပ်ရှင်၏ ထူးခြားသော ဇာတ်လမ်းက သူ့ကို ဆွဲဆောင်ခဲ့ပြီး ပရိသတ်များကို ရုတ်တရက်အံ့အားသင့်အောင် လုပ်ပြလိုသောကြောင့် ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ မင်းသမီး ဂွန်ယိုဂျင်ကမူ လီဗြောင်ဟွန်းနှင့် တွဲဖက်သရုပ်ဆောင်ရမည့် အခွင့်အရေးကို စောင့်ဆိုင်းနေသူဖြစ်ရာ ယခုအချိန်မှ အခွင့်အရေးရလာသည့်အတွက် ယင်းရုပ်ရှင်ကို ရိုက်ကူးဖြစ်ခဲ့ကြောင်းနှင့် ယင်းရုပ်ရှင်ရိုက်ကူးရေးအတွက် စိတ်လှုပ်ရှားနေမိကြောင်း ဖွင့်ဟခဲ့သည်။

# ပိုကီမွန်အရုပ်လေးတွေရဲ့ ဒီဇိုင်းဖန်တီးရှင် ယာဉ်တိုက်မှုကြောင့် ကွယ်လွန်



"Pokémon" အရုပ်လေးတွေရဲ့ ဒီဇိုင်းကိုဖန်တီးပေးခဲ့တဲ့ ဒီဇိုင်းပညာရှင် အဲရစ်မက်ဒဲလ်ဟာ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ယာဉ်တိုက်မှုတစ်ခုတွင် ပါဝင်ခဲ့ကာ ပြီးခဲ့တဲ့ မတ် ၁၄ ရက် (တနင်္ဂနွေနေ့)က ကွယ်လွန်သွားခဲ့ကြောင်း နိုင်ငံတကာ ပိုကီမွန်ကုမ္ပဏီမှ ထုတ်ဖော်ပြောကြားခဲ့တာကို မူဗီပိုင်းလော့ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မက်ဒဲလ်ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကားမောင်းလာစဉ် လမ်းဘေးသစ်ပင်တစ်ပင်ဟာ သူမောင်းလာတဲ့ ကားပေါ်ကို ရုတ်တရက် လဲကျခဲ့တာကြောင့် သစ်ပင်ပိကာ နေရာမှာပင် သေဆုံးသွားခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာ သူဟာ အသက် (၄၂)နှစ်သာ ရှိသေးကြောင်း သိရပါတယ်။ သူမောင်းလာတဲ့ ကားနောက်ခန်းထဲမှာ သူ့ရဲ့ သမီးလေးလည်း အတူလိုက်ပါလာခဲ့ပေမယ့် ကလေးငယ်ကတော့ ဒဏ်ရာအနည်းငယ်သာ ရရှိခဲ့ပါတယ်။

**အေးပြည့်-စုစည်းဖော်ပြသည်**



# ဟွမ်ဂျန်းအွန်ရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ် "Romance By Luck"

မကြာသေးမီက အိမ်ထောင်ရှင်တစ်ဦးဖြစ်လာတဲ့ တောင်ကိုရီးယား ထိပ်တန်းမင်းသမီး ဟွမ်ဂျန်းအွန်က သူ့အနေနဲ့ MBC ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်မယ့် ရုပ်သံဇာတ်လမ်းတွဲသစ် "Romance By Luck" မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့တာကို ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်မှာ ဟွန်ဂျန်းအွန်ဟာ ကံတရားနဲ့ ရှေးဖြစ်ဟောဆရာတွေကို မျက်စိစုံမှိတ်ယုံကြည်တတ်တဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကာ သူနဲ့ကပ်စေးနဲလွန်းတဲ့ အမျိုးသားတစ်ဦးရဲ့ ဇာတ်လမ်းကို အဆိုပါဇာတ်လမ်းတွဲမှာ တွေ့မြင်ခံစားကြရမှာဖြစ်ပါတယ်။

"Romance By Luck" ဒရမ်မာဇာတ်လမ်းတွဲမှာ ဇာတ်လမ်းအပိုင်းပေါင်း ၁၆ ပိုင်း ပါဝင်မှာဖြစ်ပြီး လာမယ့် မေလအတွင်း စတင်ထုတ်လွှင့်ပြသသွားနိုင်ရန် စီစဉ်ထားကြောင်း သိရပါတယ်။

# ဇေမာလိခ်၏ တေးသီချင်းသစ် ထုတ်လွှင့်

"One Direction"တေးဂီတအဖွဲ့မှ အဖွဲ့ဝင်ဟောင်း ဇေမာလိခ်က သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Mind of Mine" မှာပါဝင်မယ့် နောက်ထပ်တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Be Four"ကို ပြီးခဲ့တဲ့ မတ် ၁၇ ရက်က ထုတ်လွှင့်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးသီချင်းရဲ့ စာသားတွေအရ ယင်းတေးသီချင်းဟာ ဇေအနေနဲ့ အဖွဲ့က နုတ်ထွက်ခဲ့ရတဲ့အကြောင်းတွေကို ထည့်သွင်းဖွဲ့ဆိုထားတာဖြစ်တယ်လို့လည်း မီဒီယာတွေက ဝေဖန်ရေးသားခဲ့ကြပါတယ်။

ယခုထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဟာ ဇေရဲ့ တစ်ကိုယ်တော် တေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်းတွေအနက် ငါးပုဒ်မြောက်ထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းဖြစ်ပြီး ဇေက သူ့ရဲ့တေးအယ်လ်ဘမ်ကို ယခုလ ၂၅ ရက် နောက်ဆုံးထား ဖြန့်ချိသွားမယ်လို့ ယခင်က ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

# စင်ပေါ်မှာ ငိုခဲ့ရတဲ့ အဒဲလ်



ဗြိတိန်ပေ့ါပ်အဆိုတော်အဒဲလ်ဟာ လန်ဒန်မှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲတစ်ခုအတွင်း "Someone Like You" တေးသီချင်းကို သီဆိုဖျော်ဖြေစဉ် စင်ပေါ်တွင် မျက်ရည်ကျခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဒဲလ်ဟာ မကြာသေးမီက သူ့ရဲ့နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တစ်ခုအဖြစ် လန်ဒန်မှာ သီဆိုဖျော်ဖြေခဲ့ပြီး အဆိုပါဖျော်ဖြေပွဲသို့ သူ့ရဲ့ သုံးနှစ်အရွယ်သားဖြစ်သူ အန်ဂျလို ပထမဦးဆုံးအကြိမ် တက်ရောက်အားပေးခဲ့တာကြောင့် ပရိသတ်အများကြားက သားဖြစ်သူကို စင်မြင့်ပေါ်ကနေလှမ်းကြည့်ရင်း ယခုလို မျက်ရည်ကျခဲ့ရတာဖြစ်ကြောင်း အဒဲလ်က ဖွင့်ဟခဲ့ပါတယ်။

ယင်းဖျော်ဖြေပွဲတွင် အဒဲလ်က ပရိသတ်အား သူ့ရဲ့သားဖြစ်သူလည်း ယခုဖျော်ဖြေပွဲကို လာရောက်အားပေးလျက်ရှိကြောင်း စင်မြင့်ပေါ်မှ ပြောကြားခဲ့ပြီး "Someone Like You" တေးသီချင်းသီဆိုနေစဉ်အတွင်း ခဏရပ်နားကာ သားဖြစ်သူအား "မင်းကိုအရမ်းချစ်ပါတယ်" လို့ စင်မြင့်ပေါ်ကနေ အော်ပြောခဲ့ပါတယ်။

အဒဲလ်က သူ့ရဲ့ဆိုလိုတေးအယ်လ်ဘမ် "25"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ပြီး ဇွန်လလယ်ပိုင်းအထိ ဥရောပမှာဖျော်ဖြေပွဲများ ပြုလုပ်သွားမှာဖြစ်ကာ မြောက်အမေရိကမှာတော့ လာမယ့်ဇူလိုင်လအတွင်း ဖျော်ဖြေသွားဖို့ စီစဉ်ထားပါတယ်။ ယင်း တတိယမြောက် တေးအယ်လ်ဘမ် "25"အတွက် ဖျော်ဖြေရေးခရီးစဉ်တွေကို လာမယ့် နိုဝင်ဘာလမတိုင်မီ အပြီးသတ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉ - ၃ - ၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Hyper Sports
- ၈း၃၅ The Farmer
- ၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ "ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေသည့် အကြောင်းအရာများဖွေရာ"
- ၁၁း၁၅ "ဖူးပွင့်ဝေစည်ရောင်စုံပန်းတို့ ဗိုင်ယာရီ"
- ၁၁း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၁၂း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၁၀ တစ်ပတ်အတွင်းလွှတ်တော် သတင်းစဉ်
- ၂း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၂၅)
- ၃း၃၅ Hyper Sport
- ၄း၁၅ အခြေခံဝါးစိုက်ပျိုးရေးမှသည် ခေတ်မီဆန်းသစ်သော ဝါးထုတ်ကုန်များအဖြစ်သို့
- ၄း၃၅ အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ်
- ၅း၁၅ ကဗျာရိပ်မြုံ "ပိုးစုန်းကြူး"
- ၅း၃၅ ဂျပန်နိုင်ငံ၏ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသများ "ကီးတောင်တန်းပေါ်က မြင့်မြတ်သောနေရာများနှင့် ဘုရားဖူးခရီးသွားလမ်းကြောင်းများ"
- ၆း၁၅ Graphic Info (Stock Exchange) (အခန်း-၄)
- ၆း၃၅ Business News
- ၇း၁၅ ရင်တွင်းပြဿနာ(အပိုင်း-၁) (နိုင်းနိုင်း၊ သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဟိန်းစိုး)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ ပြောင်းလဲလာသော မြန်မာနိုင်ငံရေးလောကနှင့် အမျိုးသမီးများကဏ္ဍ
- ၈း၄၅ ကုန်းဘောင်ခေတ် ဘုန်းကြီးကျောင်း (သို့) စလေရုပ်စုံကျောင်းပြတိုက်
- ၉း၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေးဖွင့်ပါဦး -"နေမဝင်အလှများ" (ဒေါ်အေးအေးသင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
- ၆း၂၀ ကတ်ဆက်ဇာတ်လမ်း "သတိ အသည်းနုသည် ဖြည်းဖြည်းမုန်း"
- ၇း၃၀ တေးဂီတအစီအစဉ်
- ၇း၅၀ နိုင်ငံခြားရုပ်ရှင်"I Robot"
- ၉း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း "ဂျက်မ" (နေမင်း၊အေးမြတ်သူ)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**ည(၉း၃၀)**

**- Live: English Premier League "Chelsea Vs West Ham United**

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၄၀ "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း" တရားတော် (အပိုင်း-၄) [ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ]
- ၈း၀၀ Cartoon Series (Welcome To Sky Ville)
- ၉း၀၀ Drive It
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၅)
- ၁၀း၂၀ ခေတ်သစ်ပျိုမေ
- ၁၁း၀၅ Star တို့ရဲ့လက်ရာ
- ၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကရေးရယ်ရှည်စေလို" (အပိုင်း-၄၇+၄၈)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အမှောင်ဖုံးသွားသော ကောင်းကင်ပြာ (အပိုင်း-၃)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆)
- ၃း၅၀ Fashion Week
- ၄း၃၀ ၂၀၁၅ ခုနှစ်ရုံတင် ဇာတ်ကားများအား ပြန်လည်ခံစားခြင်း
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇)
- ၇း၂၅ Let's Talk
- ၈း၀၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [စိတ်၏စေရာ(အပိုင်း-၁)]
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၆)
- ၉း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၄၉+၅၀)
- ၁၁း၁၀ Forever Music Tribute ထူးအိမ်သင်(အပိုင်း-၄)
- ၀၀း၅၀ MRTV-4 Stage
- ၁း၂၀ World of Knowledge (Don't Tell My Mother Indonesia)

# ယူရိုပါလိဂ်သမိုင်းတွင် ပရိသတ်အင်အား စံချိန်တင်ခဲ့သည့် မန်ယူ-လီဗာပူးပွဲ

မန်ယူနှင့် လီဗာပူးတို့ မန်ယူ၏အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ခဲ့သည့် ယူရိုပါလိဂ်၁၆သင်းအဆင့် (ဒုတိယအကျော့)ပွဲစဉ်တွင် ပရိသတ်အင်အား ၇၀၀၀၀ ကျော် လာရောက်အားပေးခဲ့ရာ ယင်းအင်အားမှာ ယူရိုပါလိဂ်သမိုင်းတွင် စံချိန်သစ်တစ်ရပ်ဖြစ်ခဲ့ကြောင်း သိရသည်။ မန်ယူနှင့် လီဗာပူးတို့သည် အင်္ဂလန်ဘောလုံးသမိုင်းတွင် အစဉ်အလာအကြီးမားဆုံး ပြိုင်ဘက်အသင်းများဖြစ်နေရာ မန်ယူအိမ်ကွင်းတွင် ကစားခဲ့သည့်ပွဲစဉ်တွင် ပရိသတ် ၇၅၁၈၀ လာရောက်အားပေးခဲ့ကြခြင်းဖြစ်သည်။ မန်ယူအသင်းသည် ယင်းပွဲစဉ်တွင် လီဗာပူးအား တစ်ဂိုးစီ သရေရလဒ်သာ ကစားနိုင်ခဲ့ပြီးနောက် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။




ပြီးခဲ့သည့်နှစ်ဘောလုံးရာသီတွင် ဒိုင်နမိုကိဗ်နှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ခဲ့သော ယူရိုပါလိဂ်ပွဲစဉ်တွင် ကိဗ်မြို့၌ ပရိသတ်အင်အား ၆၇၅၅၃ဦး လာရောက်အားပေးခဲ့သော်လည်း ယခုမန်ယူ-လီဗာပူးပွဲ ပရိသတ်အင်အားမှာ ယင်းစံချိန်ထက် ၁၀၀၀၀ နီးပါး ကျော်လွန်သွားခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ဒေါ့မွန်-စပါး၊ ဒေါ့မွန်-ပေါ်တိုတို့၏ ယူရိုပါလိဂ်ပွဲစဉ်များကိုလည်း ပရိသတ် ၆၀၀၀၀ ကျော် လာရောက်အားပေးခဲ့ကြကြောင်း ယူအီးအက်ဖ်အေဝက်ဘ်ဆိုက်မှ ထုတ်ပြန်ကြေညာခဲ့သည်။ **(မေလှဲ့သင်း)**

## ယူရိုပါလိဂ်ပွဲစဉ်များတွင် ပရိသတ်အများဆုံးလာရောက်အားပေးသည့် ပွဲစဉ်များ

| စဉ် | ပရိသတ်အင်အား | ပွဲ | ရက်စွဲ | ပွဲစဉ် |
|---|---|---|---|---|
| ၁ | ၇၅၁၈၀ | မန်ယူ၁-၁လီဗာပူး | ၁၇-၃-၂၀၁၆ | ၁၆သင်းအဆင့်ရှုံးထွက် |
| ၂ | ၆၇၅၅၃ | ဒိုင်နမိုကိဗ်၅-၂အဲဗာတန် | ၁၉-၃-၂၀၁၅ | ၁၆သင်းအဆင့်ရှုံးထွက် |
| ၃ | ၆၇၃၂၈ | မန်ယူ၁-၂အေဂျက်စ် | ၂၃-၂-၂၀၁၂ | ၃၂သင်းအဆင့်ရှုံးထွက် |
| ၄ | ၆၅၈၅၁ | ဒေါ့မွန်၂-၀ပေါ်တို | ၁၈-၂-၂၀၁၆ | ၃၂သင်းအဆင့်ရှုံးထွက် |
| ၅ | ၆၅၈၄၈ | ဒေါ့မွန်၃-၀စပါး | ၁၀-၂-၂၀၁၆ | ၁၆သင်းအဆင့်ရှုံးထွက် |

## မတ် ၁၉/၂၀ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ်(၃၁)**

အဲဗာတန် - အာဆင်နယ် ည-၇း၁၅
ခရစ္စတယ်ပဲလေ့စ် - လက်စတာ ည-၉း၃၀
ဝက်ဘရွန်း - နော့ဝှစ်ချ် ည-၉း၃၀
ဝက်ဖို့ဒ် - စတုတ် ည-၉း၃၀
ချယ်လ်ဆီး - ဝက်စ်ဟမ်း ည-၉း၃၀
ဆွမ်ဆီး - ဗီလာ ည-၁၂း၀၀

**လာလီဂါ ပွဲစဉ်(၃၀)**

စပို့တင်းဂီဂျွန် - အက်သလက် ည-၉း၃၀
ဆိုစီဒက် - လက်စ်ပါးမက်စ် ည-၁၁း၄၅
ဂရန်နာဒါ - ဗယ်လက်ကာနို ည-၁၁း၄၅
ဒီပို့တီပို - လီဗန်တေး နံနက်-၂း၀၀
ဘက်တစ် - မာလာဂါ နံနက်-၃း၃၅

**စီးရီးအေ ပွဲစဉ်(၃၀)**

အမ်ပိုလီ - ပါလာမို ည-၁၁း၃၀
ရိုးမား - အင်တာမီလန် နံနက်-၂း၁၅

**ဘွန်ဒက်လီဂါ ပွဲစဉ်(၂၇)**

ဝုဖ်ဘတ် - ဒမ်စတက် ည-၉း၀၀
ဟမ်းဘတ် - ဟော့ဖန်ဟိမ်း ည-၉း၀၀
ဝါဒါဘရီမင် - မိန့်ဇ် ည-၉း၀၀
ကိုလုံး - ဘိုင်ယန်မြူးနစ် ည-၉း၀၀
ဟာသာဘာလင် - အင်ဂေါ့စတက် ည-၉း၀၀
ဖရန့်ဖတ် - ဟန်နိုဗာ ည-၁၂း၀၀

**ပြင်သစ် လီဂူး(၁) ပွဲစဉ်(၃၁)**

စိန့်အက်တီယန် - မောင့်ပယ်လီယာ ည-၁၀း၃၀
အန်ဂါးစ် - လိုရီယန့် နံနက်-၁း၃၀
လိုင်လီ - တူးလော့စ် နံနက်-၁း၃၀
ကိန်း - ထရွိုင်ယက်စ နံနက်-၁း၃၀
ရိမ်းစ် - ဂူအင်ဂမ့် နံနက်-၁း၃၀
လီယွန် - နန့်တက်စ် နံနက်-၂း၃၀

**မောင်မောင်ဇော်**

## ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ မဲခွဲဆုံးဖြတ် နည်းပြဂျာဂန်ကလော့ အသင်းဟောင်းဒေါ့မွန်နှင့် ပြန်ရင်ဆိုင်ရမည်

ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို မတ် ၁၈ ရက်တွင် မဲခွဲဆုံးဖြတ်လိုက်ပြီဖြစ်သည်။

ထိုသို့ မဲခွဲဆုံးဖြတ်ခဲ့ရာတွင် မန်စီးတီးအသင်းသည် ၎င်းတို့၏ ပထမဆုံးသော ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်ပထမတန်းပြိုင်ပွဲကို လွှမ်းမိုးထားနိုင်သည့်အသင်းဖြစ်ပြီး လေးနှစ်ဆက်တိုက် ဆုဖလားရရှိခဲ့သည့်အသင်းဖြစ်သည်။

ချန်ပီယံလိဂ်တွင် အင်္ဂလန်အသင်းများအနက် တစ်သင်းတည်းကျန်ရှိနေသည့် မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ရာသီက ချန်ပီယံလိဂ်တွင် ရှုံးနိမ့်ခဲ့သည့် နည်းပြဂွာဒီယိုလာ၏ ဘိုင်ယန်မြူးနစ်အသင်း၊ လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ဘာစီလိုနာအသင်းတို့နှင့် ရှောင်လွှဲနိုင်ခဲ့ပြီဖြစ်သည်။

ဘာစီလိုနာအသင်းမှာ စပိန်လာလီဂါပြိုင်ဘက်အသင်းဖြစ်သည့် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘာစီလိုနာအသင်းသည် စပိန်လာလီဂါတွင် အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှစ်မှတ်အထိဖြတ်ထားနိုင်ခဲ့သည့် ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် နှစ်ကျော့စလုံးအနိုင်ရရှိထားသည်။

ဘိုင်ယန်မြူးနစ်အသင်းမှာ ဘင်ဖီကာအသင်းနှင့်လည်းကောင်း၊ ရီးယဲလ်မက်ဒရစ် အသင်းသည် ဝုလ်ဖ်ဘတ်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ဧပြီ ၅ ရက်၊ ၆ ရက်တွင် ပထမအကျော့နှင့် ဧပြီ ၁၂ ရက်၊ ၁၃ ရက်တို့တွင် ဒုတိယအကျော့ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်တွင်မူ လီဗာပူးအသင်းသည် ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့မှာ အသင်းဟောင်း ဒေါ့မွန်အသင်းနှင့် ပြန်လည်ရင်ဆိုင်ရတော့မည်ဖြစ်သည်။

ဆီဗီလာအသင်းသည် စပိန်လာလီဂါပြိုင်ဘက် ဘီဘာအိုအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး ဆီဗီလာအသင်းမှာ သုံးနှစ်ဆက်တိုက်ယူရိုပါလိဂ်ဖလားရရှိမည့်အသင်းအဖြစ် ရေပန်းစားနေသည့်အသင်းဖြစ်သည်။

ဗီလာရီးယဲလ်အသင်းမှာ ချက်ကလပ် စပါတာပရက်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပေါ်တူဂီကလပ် ဘရာဂါအသင်းမှာမူ ယူကရိန်းကလပ် ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်သည်။

ယူရိုပါလိဂ်ကွားတားဖိုင်နယ်အဆင့်ပွဲစဉ်များကို ဧပြီ ၇ ရက်နှင့် ၁၄ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

## စပါးအသင်း ယူရိုပါလိဂ်မှ ထွက်ခဲ့ပြီးနောက် ပရီမီယာလိဂ်ဖလားကို တွန်းအားပေးရန် ဒိုင်ယာတောင်းဆို




စပါးအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဒေါ့မွန်အသင်းအား ရှုံးနိမ့်ကာ (၁၆)သင်းအဆင့်ဖြင့်ပင် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီး ထိုသို့ထွက်ခဲ့ရပြီးနောက် ပရီမီယာလိဂ်ဖလားရရှိရေး တွန်းအားပေးရန် စပါးအသင်းအား ကွင်းလယ်ကစားသမား ဒိုင်ယာက တိုက်တွန်းပြောကြားလိုက်သည်။

စပါးအသင်းသည် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ ဦးဆောင်နေသည့် လက်စတာစီးတီးအသင်း၏အောက် ငါးမှတ်အကွာ ရမှတ် ၅၈ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိပြီး ပရီမီယာလိဂ် ပွဲစဉ် (၃၁)အဖြစ် ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နည်းပြပိုချက်တီနို၏ စပါးအသင်းသည် ဒေါ့မွန်အသင်းနှင့် ကစားခဲ့သည့် ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပထမအကျော့တွင် သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယူရိုပါလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမားဒိုင်ယာက အမှတ်ပေးဇယားထိပ်တွင် ငါးမှတ်အကွာဖြင့် ရပ်တည်နေသည့် လက်စတာစီးတီးအသင်းကို အမီလိုက်ကာ ပြည်တွင်းလိဂ်ဖြစ်သည့် ပရီမီယာလိဂ်ဖလားရရှိအောင် စွမ်းဆောင်သွားကြရန် စပါးအသင်းအား တိုက်တွန်းလိုက်ခြင်းဖြစ်သည်။ **(ငွေကြယ်)**

## ကြယ်ပွင့်ကစားသမား ငါးဦးအထိရောင်းချရန် စီစဉ်နေသည့် ချယ်လ်ဆီး

**ချယ်လ်ဆီးအသင်းသည် ကွန်တီနည်းပြသစ်ဖြစ်လာလျှင် နွေဈေးကွက်အတွင်း ကစားသမားငါးဦးအထိရောင်းချရန် စီစဉ်နေကြောင်း Soccer Lens ဒေါ့ကွန်းက ဖော်ပြသည်။ ချယ်လ်ဆီးအသင်းနှင့် ကွန်တီတို့ကြား သဘောတူညီမှုအား တရားဝင်ထုတ်ပြန်ခြင်းမရှိခဲ့သော်လည်း ယူရို-၂၀၁၆ ပြိုင်ပွဲအပြီးတွင် ကွန်တီအနေဖြင့် ချယ်လ်ဆီးအသင်းအား ပြောင်းလဲတာဝန်ယူတော့မည်ဖြစ်ကြောင်း သိရသည်။ ကွန်တီက ချယ်လ်ဆီးအသင်းလူစာရင်းအား အကြီးအကျယ်ပြောင်းလဲရန် ရည်ရွယ်ချက်မရှိဘဲ ကစားသမား ငါးဦးကိုသာရောင်းချပြီး ယင်းနေရာတွင် လိုအပ်သည့်အင်အား အစားထိုးပြန်လည်ဖြည့်ဆည်းရန် ဆန္ဒရှိနေခြင်းဖြစ်သည်။**

ကွန်တီသည် ဗဟိုကွင်းလယ်လူနှစ်ဦး၊ ဗဟိုနောက်ခံလူတစ်ဦး၊ ဘယ်နောက်ခံလူတစ်ဦးနှင့် တိုက်စစ်မှူး တစ်ဦးအားခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းရင်းမြစ်များက အတိအကျဖော်ပြခဲ့ကြသည်။ ရောင်းချမည့်ကစားသမား ငါးဦးမှာ အိုင်ဗန်နိုဗစ်ချ်၊ ဂျွန်အိုဘီမီခေးလ်၊ အေဒင်ဟာဇက်၊ အော်စကာနှင့် လိုရစ်ရီမီတို့ဖြစ်သည်။




လာမည့်နွေတွင် ဂျွန်တယ်ရီမှာ ချယ်လ်ဆီးမှ ထွက်ခွာရန်သေချာနေပြီး အခြားနောက်ခံလူများဖြစ်သည့် ဂယ်ရီကာဟေးလ်၊ ဘာဘာရာမန်၊ ဆီဇာ၊ ဇူးမားတို့အား အသင်းတွင် ဆက်လက်ရှိစေရန် ကွန်တီက စီမံထားပြီးဖြစ်သည်။ထို့ကြောင့် အိုင်ဗန်နိုဗစ်အား အသင်း၏အရောင်းစာရင်းတွင် ထည့်သွင်းနိုင်ကြောင်း သိရသည်။

မီခေးလ်မှာမူ ကွန်တီ၏ နည်းစနစ်နှင့် အံဝင်မှုမရှိသည့် ကစားသမားဖြစ်ပြီး ဟာဇက်ကိုလည်း ရီးယဲလ်မက်ဒရစ်အသင်းဘက်မှ မြင့်မားသော ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းထားရာ ထုတ်ရောင်းမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။

ကွန်တီသည် အော်စကာအား ၎င်းဂျူဗင်တပ်တွင်ရှိစဉ်က ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသော်လည်း ယခုနှစ်ရာသီ အော်စကာ၏ခြေစွမ်းမှာ ဆိုးရွားလာသဖြင့် ယခုထက်ခြေစွမ်းမကျဆင်းမီ အမြန်ဆုံးထုတ်ရောင်းလိုခြင်းဖြစ်သည်။ တိုက်စစ်ကစားသမားများထဲတွင် လိုရစ်ရီမီ(သို့မဟုတ်) အငှားဖြင့် ခေါ်ယူထားသော ပါတိုတို့နှစ်ဦးထဲမှ တစ်ဦးကိုသာ အသင်းတွင် ဆက်လက်ရှိစေမည်ဖြစ်ပြီး ကော်စတာကိုမူ ကလပ်အသင်းတွင် ဆက်လက်ရှိစေရေးကြိုးပမ်းသွားရန် ကွန်တီက ဆန္ဒရှိနေခြင်းဖြစ်သည်။ **(မေလှဲ့သင်း)**

# ရေတာရှည်မြို့နယ်တွင် ကုန်တင်ယာဉ်နှစ်စီး အရှိန်လွန်တိုက်မိ



**ရေတာရှည် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့ အင်ဒိုင်းကျေးရွာ အနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ကုန်တင်ယာဉ်နှစ်စီး အရှိန်လွန်ကာ တိုက်မိမှု မတ် ၁၈ ရက် နံနက် ၄ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ပဲအိတ်နှင့် စားအုန်းဆီများ တင်ဆောင်ကာ ကဝမြို့နယ် သက္ကလကျေးရွာနေ တင့်လွင်(၄၇)နှစ် မောင်းနှင်သည့် 3F/-- FUSO (၁၂) ဘီးကုန်တင်ယာဉ်နှင့် ဖွဲ့အိတ်များ တင်ဆောင်ပြီး မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ ဦးကြည်ဆွေ(၅၂)နှစ် မောင်းနှင်လာသော ထီလာ ဒီဇယ်(၁၂)ဘီးယာဉ်တို့သည် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်(၂၀၄/၁-၂) ကြားတွင် တိုက်မိခဲ့ကြရာ FUSO (၁၂) ဘီးကုန်တင်ယာဉ်၏ ဦးခေါင်းပိုင်းကြေမွပျက်စီးပြီး ထီလာ (၁၂)ဘီးကုန်တင်ယာဉ်၏ ဘေး ဘက်ခြမ်းတို့ ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သာဂရနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# အိမ်အကူအား ညှဉ်းပန်းနှိပ်စက်သူကို အမှုဖွင့်အရေးယူ

**မန္တလေး မတ် ၁၈**

အိမ်အကူမိန်းကလေးအား အိမ်ရှင်လင်မယားက နေ့စဉ်ညှဉ်းပန်းနှိုက်စက်နေကြောင်း မတ် ၁၆ ရက် Facebook လူမှုကွန်ရက်တွင်ပါရှိသော သတင်းနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်သိရှိနိုင်ရန် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဗိုလ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် (၆၃)လမ်း သဇင်လမ်းနှင့် ငုပြာလမ်းကြားရှိ (တ-၂/၉၀) နေအိမ်သို့ သွားရောက်စုံစမ်းရာ အိမ်ရှင်စိုင်းဝင်းအောင် (၃၂)နှစ်၊ ၎င်း၏ဇနီး မကြည်ကြည်လင်း (၃၅)နှစ်တို့နှင့် အတူ တန့်ယန်းမြို့နယ်မှ အိမ်အကူအဖြစ်လာရောက် လုပ်ကိုင်သူ မအေးနန်း(၁၄) နှစ်တို့အားတွေ့ရှိပြီး မအေးနန်း တွင် မျက်နှာကုတ်ခြစ်ဒဏ်ရာ၊ ယာနားနောက်၊ ဝဲလက်မောင်း ညိုမည်းဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိခဲ့သည်။

ထို့ကြောင့် မအေးနန်းအား မြို့သစ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူစစ်မေးရာ မအေးနန်းသည် လွန်ခဲ့သည့် နှစ်နှစ်ကျော်က ယင်းနေအိမ်တွင် အိမ်အကူအဖြစ်လုပ်ကိုင်လျက်ရှိကြောင်း၊ မကြည်ကြည်လင်းက ၎င်းပြောဆိုခိုင်းထားသည့် အလုပ်ကိစ္စများအား နေ့စဉ်ပြန်မေးလေ့ရှိပြီး မှားယွင်းပြုလုပ်ပြောမိပါက ပါးလိမ်ဆွဲခြင်း၊ လက်သည်းဖြင့် ကုတ်ခြစ်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း၊ နားနောက်အား ထမင်းစားတူဖြင့် ထိုးခြင်းများပြုလုပ်လေ့ရှိပြီး ပတ်ဝန်းကျင်အား အဆက်အသွယ်မပြုလုပ်ရန် ပြောဆိုလေ့ရှိကြောင်း၊ မတ် ၁၄ ရက် နံနက် ၉ နာရီခွဲက ခိုင်းသည့်အလုပ်အား မှားယွင်းပြောမိသဖြင့် တံမြက်စည်းကြမ်းဝါးရိုးဖြင့် ဝဲလက်မောင်းအား အကြိမ်ကြိမ်ရိုက်ခဲ့ကြောင်း သိရသဖြင့် မအေးနန်းအား ဆေးစာဖြင့်မန္တလေးဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိမ်အကူမအေးနန်းအား ဒဏ်ရာများရရှိအောင် ညှဉ်းပန်းနှိပ်စက်သူ မကြည်ကြည်လင်းအား အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**(သီဟကိုကို)**

# ကွန်ဟိန်းမြို့နယ်နှင့် ဖားကန့်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၈**

မူးယစ်တပ်ဖွဲ့စု (၂၇) လွိုင်လင်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက်က ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေး စခန်းတွင် သန်းအောင် မောင်းနှင်လာသည့် 9I/---- HILUX VIGO၊ မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်ဘော်ဒီကြမ်းခင်း အံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၆၀၀၀ သိမ်းဆည်းရမိသဖြင့် သန်းအောင် (၄၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မတ် ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် မိုးညှင်းခေါက်ဆွဲဆိုင်ရှေ့ လမ်းမပေါ်တွင်တွေ့ရှိသူ မခင်ဝင်းကြိုင်အား ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိသဖြင့် မခင်ဝင်းကြိုင် (၄၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



သန်းအောင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

**(ကြေးမုံ)**

# ခါတ်လိုက်သူအားဝင်ဆွဲရာမှ သေဆုံး

**မန္တလေး မတ် ၁၈**

မန္တလေးဆေးရုံကြီးသို့ ခါတ်လိုက်၍သေဆုံးနေသောအမျိုးသမီးတစ်ဦး ရောက်ရှိလာကြောင်း သတင်းအရ အောင်မြေသာစံမြို့နယ် အမှတ်(၂) နယ်မြေရဲစခန်းမှူးရဲအုပ်ဇော်ဝင်းမိုးနှင့်အဖွဲ့က မတ် ၁၆ ရက် ညနေ၆နာရီခွဲခန့်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးသူမှာ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျောင်းရပ်ကွက်နေ မသဲစုမိုး(၂၆)နှစ်ဖြစ်ကြောင်းသိရပြီး ညီမဖြစ်သူ မပိုးသော်တာ ရေတင်ရန် မော်တာအား ရေချူနေစဉ် ခါတ်လိုက်သည်ကို ဝင်ရောက်ဆွဲရာတွင် အနီးရှိရေဘုံ ပိုင်သံတိုင်အားကိုင်မိရာမှ ထပ်မံခါတ်လိုက်ခံရ၍ မပိုးသော်တာနှင့် မသဲစုမိုးတို့နှစ်ဦးအား မန္တလေးဆေးရုံကြီးသို့တင်ပို့စဉ် မသဲစုမိုးမှာသေဆုံးသွားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဖဲလောင်းကစားပြုလုပ်သူများအား အရေးယူ

**နေပြည်တော် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ မင်းကွက်(၃)ရပ်ကွက်နေ ဦးမြင့်အောင် (၆၃)နှစ်၏နေအိမ်တွင် ဖဲလောင်းကစားပြုလုပ်နေကြောင်းသတင်းအရ ပေါင်းတည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မတ် ၁၆ ရက် ညနေ ၄ နာရီခွဲခန့်တွင် သွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာ နေအိမ်နောက်ဖေး၌ ဖဲလောင်းကစားပြုလုပ်နေသည့် အိမ်ရှင် ဦးမြင့်အောင်၊ တစ်ရပ်ကွက်တည်းနေ ဦးကြယ်(၇၈)နှစ်၊ မနွယ်နီ(၃၅)နှစ်နှင့် ဈေး(၁)ရပ်ကွက်နေ ဦးခင်လှ(၆၉)နှစ်တို့အား ဖဲလောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၀၀၀၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဦးမြင့်အောင်ပါ လေးဦးအား ပေါင်းတည်မြို့မရဲစခန်းက လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့မှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။
၂။ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၁၈-၃-၂၀၁၆ရက်မှ ၂၄-၃-၂၀၁၆ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၄-၃-၂၀၁၆ရက် ညနေ ၄း၀၀ နာရီဖြစ်ပါသည်။
၃။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၂-၆၂၉၃၂၊ ၀၆၇-၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရွှေထီပ်တန်း စားတည်းငြိမ်းခရီးစဉ်များ
• ရွှေစက်တော်၊ တကျိုင်းတာ၊ နယ်မြှက် ကျောင်းတော်ရာ၊ မကွေးမြသလွန်
• အထောင်တော်ကာသပ၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
• တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထန့်ဆန်း၊ ရွှေတော်တကျူ
• ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျှော်ရစ်၊ ကလောင်ပုံးကျွန်း
• ပုဂံ၊ ပုပ္ပါး၊ ရွှေဆံတော်လေဘူ၊ ပုဏ္ဏူ၊ ပြည်ပိမ်ဖြည့်
ချောင်းသာ နေ့စဉ်
ငွေဆောင် နေ့စဉ်
01-701015, 09-5403844, 09-5044830

**ပျောက်ဆုံး** ကျွန်မ ဖူးဝေအောင်[၁၂/စခန(နိုင်)၀၇၃၄၄၈]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မဖူးဝေအောင်
Ph:09-43030181

Smart & Beauty
အမျိုးသမီးဝတ်သီးသန့် အပ်ချုပ်သင်တန်း
ခေတ်မီပြီး စမတ်ကျကျဝတ်ချင်သူအမျိုးသမီးများအတွက် အခြေခံပိုင်ပိုင်ဖြင့် ကိုယ်တိုင်တီထွင်ချုပ်လုပ်နိုင်စေရန် ဖွင့်လှစ်လိုက်ပါသည်။
သင်တန်းကြေး - (ပညာဒါနအဖြစ် ၆၀၀၀၀ိ/-)
သင်တန်းကာလ - ၂ လ
၃-၄-၂၀၁၆ (တနင်္ဂနွေနေ့) သင်တန်းစမည်။
စနေ၊ တနင်္ဂနွေ သီးသန့်တန်းခွဲရှိသည်။
အမှတ်(၁၅၄)၊ မြေညီ(A)၊ စံပြ(၄)လမ်း၊ (စံပြဈေးကြီးရှေ့)၊ စံပြရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
(သံသုမာလမ်းဘက်၊စံပြဈေးကြီးရှေ့ရှိစံပြ(၄)လမ်းထဲသို့ဝင်လာပါ)
Ph : 09 450962199

**တန်မှတန် အမြန်ရောင်းမည်**
ပေ(၁၂½×၅၀)
မြေညီထပ် ပြင်ပြီး အသင့်နေနိုင်
သမာဓိ၃လမ်း၊ သယ်န်းကျွန်း
ဖုန်း-၀၉-၅၀၄၅၈၈၄၊ ၀၉-၅၁၉၈၃၉၃
သိန်း-၃၀၅(ညှိနှိုင်း)

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၄/သမိုင်း၊ မြေကွက်အမှတ်-၁၁၈၏အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ်(၅၆)၊ မင်းဓမ္မလမ်း၊ ဦးဘထွန်းအမည်ပေါက် H လိုင်စင်မြေအား အမည်ပေါက် ဦးဘထွန်းကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဖြစ်သူ ဒေါ်မြကြည်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်(၆-၃-၁၉၉၃)ဖြင့် ဦးအေးကျော်မှ ပိုင်ဆိုင်လာပြီး ဦးအေးကျော်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်(၇-၁၀-၂၀၀၀)ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတရားမကြီးမှုအမှတ်(၉၃/၂၀၀၂) ဇာရီမှုအမှတ်(၆၁/၂၀၀၂)တို့ဖြင့် ဦးညိုအောင်မှပိုင်ဆိုင်လာပါသည်။ ဦးညိုအောင်၏ GP (၁၂၄၉၈/၂၀၁၅)၇-၁၂-၂၀၁၅ရရှိသူ ဦးကိုကိုအောင်ဌေးထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်(၂၂-၁၂-၂၀၁၅)ဖြင့် ဦးဝင်းအောင်၅/ကဘလ(နိုင်)၁၉၁၂၀၀မှပိုင်ဆိုင်လာပြီး အရပ်ကတိအရောင်းအဝယ်စာချုပ် တရားရုံး အထောက်အထား၊ GP အထောက်အထားတို့ တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် နှစ်(၆၀)မြေငှား စာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**






ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## လက်ပံသားတွေ ဓားနဲ့မချိုင်ကြပါနဲ့တော့

ဆူဒိုနင်

**လူထုအော်သံ**

စာအုပ်မျက်နှာစာ လူမှုမီဒီယာမှာ မတ်လ ၁၅ ရက်နေ့ မနက်မယ် တွေ့လိုက်ရတာလေး တစ်ခုက ကျွန်တော့်ကို နင့်ခနဲ ဖြစ်သွားစေပါတယ်။ အဲဒါကို ရေးပြီး တင်ထားသူက မတ်လ ၁၄ ရက် ည သန်းခေါင်ယံအချိန်မှာ တင်လိုက်ပုံပါပဲ။ ခေါင်းစဉ်က တာဝန်ရှိသူများ သိစေရန်ပါတဲ့။

*သူ့စာလေးကို ဦးစွာ ဖတ်ကြည့်တော်မူပေးကြပါခင်ဗျား*

*၁-၃-၂၀၁၆ ရက်နေ့က ကျွန်တော်၏ကား (4F/4347 Honda Fit) အား ရန်ကုန်မြို့ရှိ မြင်သာ ကညနတွင် လိုင်စင်သက်တမ်းသွားတိုးပါသည်။*

*ကွန်ပျူတာဌာနတွင် အမှုစစ်လိုက်တော့ အမှုတစ်မှုရှိနေလို့သက်တမ်း တိုးမပေးဘူး၊ အဲ့ဒီအမှုကို ဖြေရှင်းပြီးမှ သက်တမ်းတိုးပေးလို့ ရမယ်ဟုပြောပါသည်။ အမှုကိုလည်း ဒီမှာ ရင်ဆိုင်လို့မရဘူး သက်တမ်း တိုးမပေးဖို့တားတဲ့မြို့ကို သွားရင်ဆိုင်ရမယ်ဟု ပြောပါသည်။*

*သက်တမ်းတိုးမပေးဖို့ တားတာက အမှတ် ၁၁၊ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့၊ မန္တလေး။ စာအမှတ် - ၁၀၄-မတရ (၂၁၆)/၂၀၀/ ၂၀၁၅ ခုနှစ် ၊ ဇွန်လ ၁၇ ရက်နေ့စွဲနဲ့ တိုင်းဒေသကြီးဦးစီးမှူး၊ ကညန ခရိုင်ရုံး၊ရန်ကုန်မြို့ကို လှမ်းတားတာပါ။*

*အမှုက. . . အရေးယူသည့် ပုဒ်မ - ယာဉ်လိုင်စင် အဝိုင်းမပါတဲ့အမှု၊ ယာဉ်မောင်းအမည် - ဦးစိုးသိန်း၊ ယာဉ်အမှတ် - 4F/4347(ယာဉ်အမျိုးအစား ရေးမထား)၊ ဖမ်းဆီးသည့်နေ့ - ၂၇-၅-၂၀၁၄ ၊ သိမ်းဆည်းသည့်လိုင်စင် - ခ။ မောင်း၊ သိမ်းဆည်းသည့်လိုင်စင်အမှတ် - ခ/၀၇၇၂၆/၀၂ဖြစ်ပါသည်။*

*အဖမ်းခံရသူက အမှုကို လာရင်မဆိုင်တော့ အဲ့ဒီအမှုကို ကျွန်တော် ဖြေရှင်းလိုက်ရပါသည်။ အမှုရင်ဆိုင်လိုက်ပြီး ယာဉ်မောင်းဖြစ်သူ ဦးစိုးသိန်းရဲ့ ယာဉ်မောင်းလိုင်စင် ကျွန်တော့်ထံတွင်ရှိနေပါသည်။ ပိုက်ဆံ ၆၀၀၀၀ ကျပ် အိတ်ထဲက အလကားနေရင်း ထွက်သွားပါသည်။*

*အလကားထွက်သွားတယ်လို့ ပြောရတာက အဲ့ဒီအမှုကို ကျွန်တော် ကိုယ်တိုင်ရော ကျွန်တော်နဲ့ ပတ်သက်သူများရော မကျူးလွန်ခဲ့ကြပါ။ ယာဉ် အဖမ်းခံရတဲ့ (ဦးစိုးသိန်း) ဆိုသူသည် ကျွန်တော်အသိမိတ်ဆွေတွေထဲမှာလည်း မရှိပါ။*

*ပြီးတော့ ၁၄-၅-၂၀၁၄ ရက်နေ့ ကားဝယ်ပြီးကတည်းက ယာဉ်လိုင်စင် အဝိုင်းသည် ကားပေါ်တွင် အမြဲတမ်း ရှိပါသည်။ ယာဉ်လိုင်စင် အဝိုင်းမပါ ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါ။ (အမှုက ယာဉ်လိုင်စင် အဝိုင်းမပါတဲ့ အမှု)။*

*ပြီးတော့ ကားဖမ်းခံရတဲ့နေ့ ၂၇-၅-၂၀၁၄ ရက်နေ့ကကျွန်တော့်ကားက ပျဉ်းမနားမှာရှိနေတာပါ။ အဲ့ဒီတော့ ကျွန်တော် စဉ်းစားလို့ရတာက အဖမ်းခံရသော ဦးစိုးသိန်းသည် without ကား (လိုင်စင်မဲ့ ကား) ကို ကျွန်တော့်ကားနံပါတ် 4F/4347 တပ်၍စီးပါလိမ့်မည်။အဖမ်းခံရတော့ သူ့မှာအဝိုင်းမပါရှိပါဘူး။ အဲ့တော့ ယာဉ်ထိန်းက သူ့ရဲ့ ယာဉ်မောင်းလိုင်စင်ကိုပဲ သိမ်းထားလိုက်ပါတယ်။*

*ယာဉ်လိုင်စင် အဝိုင်းမပါသောယာဉ်ကို အဲ့ဒီလို ဘာမှမစစ်ဆေးဘဲ မောင်းလိုင်စင်လေးပဲ သိမ်းထားလိုက်လို့ ရပါသလား။ ယာဉ်ထိန်းဥပဒေမှာ အဲ့လိုလုပ်လို့ရသလား။ ကျွန်တော်မသိပါဘူး။ အဲ့ဒီလိုပဲ လိုင်စင်မဲ့ကားတွေကို ကျွန်တော့်နံပါတ်တပ်စီးပြီး အဖမ်းခံရတိုင်း ကျွန်တော်ကပဲ ဖြေရှင်းနေရမှာလား။*

*အဲ့ဒီလို ဘာမှမစစ်ဆေးဘဲ ယာဉ်မောင်းလိုင်စင်လေးပဲ သိမ်းမယ်ဆိုရင် ကျွန်တော်လည်း လိုင်စင်မဲ့ ကားပဲစီးပါတော့မည်။တွေ့တဲ့ နံပါတ်တစ်ခုတပ်၍စီးပါမည်။ အဖမ်းခံရရင် ယာဉ်မောင်းလိုင်စင် ပေးလိုက်ပါမည်။ အမှုကို သွားပြီး ရင်မဆိုင်တော့ပါ။နံပါတ်ပိုင်ရှင်က လိုင်စင်သက်တမ်းတိုးသောအခါ ဖြေရှင်းပေး ပါလိမ့်မည်။*

သည်အမှုမှာ ကျွန်တော် မတရား ခံလိုက်ရတာပါ။ ဒါပေမယ့် ဘယ်လို ဖြေရှင်းရမလဲ ကျွန်တော်မသိပါဘူး။ သူငယ်ချင်းတစ်ယောက်က မန္တလေးက ဒုရဲမှူးကြီးတစ်ယောက်ရဲ့ ဖုန်းနံပါတ်ပေးပါတယ်။ ဆက်လိုက်တိုင်း ဆက်သွယ်မှု ဧရိယာပြင်ပပဲ ဖြစ်နေပါတယ်။ ဒါကြောင့် တာဝန်ရှိသူများ ဖတ်မိပါစေဆိုပြီး Facebook ပေါ်တွင်ရေးလိုက်ရပါသည်။

အမှုနှင့်ပတ်သက်သော ပုံများလည်း တင်ပေးလိုက်ပါတယ်။သူငယ်ချင်းတို့လည်း တာဝန်ရှိသူများ သိသွားအောင် Share ပေးကြဖို့ တောင်းဆိုလိုက်ပါရစေ။ အထက်ပါအကြောင်းအရာများသည် မှန်ကန်ကြောင်းသိသာစေရန် ကျွန်တော်၏ နာမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များ တစ်ပါတည်း ဖော်ပြလိုက်ပါတယ်။

ကျော်သူလွင်
၁/ရကန (နိုင်) ၀၃၇၄၁၉
အမှတ် ၁၁/၄၇ မောင်ခင်လမ်း၊ရွှေချီရပ်ကွက်
နေပြည်တော်ပျဉ်းမနား
ဖုန်း ၀၉၇၉xxxxxxx

**(မူရင်းကို https://www.facebook.com/kyawthu.lwin.1/posts/1187170897974689 မှာ ကြည့်နိုင်ပါတယ်။)**

လူမှုမီဒီယာမှာ တင်သမျှကို အမှန်လို့ မယုံကြည်ထိုက်ပေမယ့် သည်တစ်ခါ တင်ထားသူကတော့ ယာဉ်မောင်းလိုင်စင် ဓာတ်ပုံမိတ္တူ၊ သက်ဆိုင်ရာရုံးစာတွေရဲ့ ဓာတ်ပုံမိတ္တူများကို ပူးတွဲပြီး တင်ထားတာ ဖြစ်တဲ့အပြင် သူ့နာမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များကိုပါ တိတိကျကျ ဖော်ပြထားတာမို့ ဒါဟာ ဖြစ်ရပ်မှန်ပဲဆိုတာ ကွင်းခေါင်ခေါင်မှာ လယ်ထွန်စက် နီနီကြီး သွားနေသလို ထင်ရှားနေပါတယ်။

သည့်ထက် ပိုသေချာတာက ကျွန်တော်ကိုယ်တိုင် အဲဒါမျိုး ခံခဲ့ရဖူးလို့ပါပဲ။

**ကိုယ်တွေ့**

ကြာတော့ ကြာပါပြီ။ မရှိဘူးဆို ၈ နှစ်၊ ၉ နှစ်လောက်တောင် ရှိပြီထင်ပါရဲ့။ ကျွန်တော်လည်း မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်းသွားတိုးတော့ အမှုရှိနေတယ်ဆိုပြီး သက်တမ်းတိုးလို့ မရပါဘူး။ အထက်ကစာကို ရေးသားခဲ့သူထက် ကံကောင်းတာက ကျွန်တော့်အမှုက ရန်ကုန်မှာတင်မို့ ၅၂ လမ်း ယာဉ်ထိန်းရုံးကိုပဲ သွားရပါတယ်။

ခက်တာက ကျွန်တော့်ကားက သိပ်မောင်းတဲ့ ကားမဟုတ်ဘူး။ ဘာအမှုမှလည်း ကျွန်တော့်မှာ မှတ်မှတ်ရရ မရှိဘူး။ မီးနီဝေးစွ၊ မီးဝါတောင် ကျွန်တော် ဖြတ်လေ့မရှိဘူး။ ကျွန်တော့်ကားဆိုတာကလည်း (အဲတုန်းက ကလေးတွေ အရွယ်မရောက်သေး၊ ကျွန်တော့် အိမ်သူကလည်း ဂျစ်ကားမို့ မမောင်းလေတော့) ကျွန်တော်ကလွဲလို့ တခြား မောင်းသူ မရှိ။

ဘာအမှုပါလိမ့်ဆိုပြီး ရဲစခန်းမှာ သွားစစ်လိုက်တော့ မှတ်တိုင်မဟုတ်တဲ့ နေရာမှာ လူအတင်အချ လုပ်လို့တဲ့။ မြတ်စွာဘုရား။ ကျွန်တော့်ကားက ကိုယ်ပိုင်ကားလေ၊ လိုင်းကား မဟုတ်ဘူးဆိုတော့ ဆောရီးတဲ့။ အမှတ်မှားသွားလို့ ဖြစ်မှာပါ၊ ဆောရီးတဲ့ဗျား။

သူတို့ကတော့ ဆောရီးတဲ့။ တစ်ခွန်း ခပ်လွယ်လွယ်ပဲ။ ကျွန်တော့်မှာတော့ အချိန်ကုန်၊ အလုပ်ပျက်၊ ဇယားရှုပ်။

**မှတ်သားဖမ်းဆီးဆိုတာ ကိုယ်တိုင် လုပ်ရမှာ**

ကျွန်တော့် ယာဉ်မောင်းလိုင်စင်သက်တမ်းဟာ သည်လမှာ နှစ် ၄၀ တင်းတင်း ပြည့်ပါတယ်။ သည်နှစ် ၄၀ အတွင်းမှာ ကျွန်တော်နဲ့ မော်တော်ယာဉ် တစ်မျိုးမျိုးနဲ့ ကင်းလှတယ်ရယ် မရှိပါဘူး။ အလားတူပဲ၊ ယာဉ်ထိန်းရဲတွေနဲ့ ကျွန်တော်နဲ့လည်း သိပ်ကင်းကင်းကွာကွာ မဟုတ်ခဲ့ပါဘူး။

တစ်ခေတ်က၊ အထူးသဖြင့် ဆိုရှယ်လစ် ခေတ်က ယာဉ်ထိန်းတွေက အခုခေတ်ယာဉ်ထိန်းတွေထက် ပိုများ အလုပ်လုပ်ကြသလားတော့ မသိဘူး။ ပြဿနာရှိတဲ့ ယာဉ်အမှတ်ကို မှတ်သားပြီး တစ်ဆင့်ပြီး တစ်ဆင့် လိုက်တတ်ကြတာကို ကျွန်တော်ကိုယ်တိုင် နှစ်ကြိမ်ကြုံဖူးပါတယ်။ တစ်ကြိမ်ကယာဉ်တိုက်မှုပါ။ လူအုပ်ကြီး နောက်က လိုက်လာလို့ ကျွန်တော် မောင်းပြေးပါတယ်။ အခင်းဖြစ်ပြီး သုံးနာရီကျော် လေးနာရီလောက်အကြာမှာ ယာဉ်ထိန်းက ကျွန်တော့်ဆီကို ရောက်လာဖူးပါတယ်။

နောက်တစ်ကြိမ်က ယာဉ်ထိန်းကားတစ်စီးဟာ ယာဉ်မရပ်ရဆိုတဲ့ မြို့လယ်ကနေရာမှာ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် ရပ်ထားလို့ လမ်းပိတ်ဆို့နေတာပါ။ အဲဒါကို ကျွန်တော်အော်ပစ်ခဲ့ပါတယ်။ စည်းကမ်းထိန်းသိမ်းတဲ့သူတွေ ကိုယ်တိုင်က စည်းကမ်းဖောက်နေတာ ကောင်းသလားဆိုတာမျိုးအော်ခဲ့တာပါ။ တစ်လလောက်အကြာမှာ ကျွန်တော့်ဆီ ယာဉ်ထိန်းရုံးက ဆင့်စာရောက်လာပါတယ်။

ကျွန်တော်လည်း ဘာမှုမှ မကျူးလွန်ဘဲ ဘာဆင့်စာပါလိမ့်ဆိုပြီး ၅ လမ်းရုံးကို သွားလိုက်ပါတယ်။ အဲဒီ့ကျတော့ တာဝန်ကျက ကျွန်တော့် ဆင့်စာကိုကြည့်ပြီး ပထမဆုံးမေးတာက ဘာအလုပ်လုပ်ပါသလဲတဲ့။ ကျွန်တော်က အဲဒီ့အချိန်က ရှေ့နေပေါက်စပါ။ ဒါနဲ့ ကျွန်တော် ရှေ့နေပါဆိုတော့ ဘာမှမဟုတ်ပါဘူးတဲ့၊ ဟိုတစ်နေ့က ၂၉ လမ်းထိပ်မှာ အော်သွားတာမို့ အသိမိတ်ဆွေထဲကလားလို့ ခေါ်ကြည့်တာပါဆိုပြီး လျှောချသွားပါတယ်။

ပြောချင်တာက အဲတုန်းကလည်း ကျွန်တော့်ကားတွေကို နာမည်ပြောင်းမထားပါဘူး။ သို့ပေမယ့် အဲဒီ့ခေတ် ယာဉ်ထိန်းတွေ အလုပ်လုပ်တာကြောင့် နာရီပိုင်းအတွင်းမှသည် အကြာဆုံး တစ်လအတွင်းမှာ သက်ဆိုင်ရာ ကားကို ခြေရာခံမိကြပါတယ်။

**လက်ပံသား ဓားနဲ့ ချိုင်တဲ့ခေတ်**

သည်ဘက်ခေတ်မှာတော့ ယာဉ်ထိန်းတွေ အပါးခိုတာလား၊ အပျင်းထူတာလား မသိပါဘူး။ အဲဒီ့ကားတွေရဲ့နောက်ကို ခြေရာခံမယ့်အစား ကုန်းလမ်းညွှန်ကြားမှုဦးစီးဌာန (ကညန)ကို သတင်းပို့ပြီး လူတွေကို ဒုက္ခပေးပါတော့တယ်။ အမှုရှိရင် မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးမပေးဘူးဆိုတဲ့ အစီအမံ မဟာကြီးကို တင်ကြပါတယ်။ တရား၏၊ မတရား၏၊ ကျိုးကြောင်းသင့်၏၊ မသင့်၏ လုံးဝ မစဉ်းစားဘဲ လုပ်တာ သေချာပါတယ်။ လွန်ခဲ့တဲ့ တစ်လကမှ ဝယ်လိုက်တဲ့ ကားပိုင်ရှင်ဟာ အရင်ပိုင်ရှင် ၁၁ လတာအတွင်း ကျူးလွန်ခဲ့သမျှ ပြစ်မှုတိုင်းအတွက် တာဝန်ခံရတာမျိုးဟာ ဖြစ်သင့်သလား၊ မဖြစ်သင့်သလား၊ သူတို့ မစဉ်းစားတော့ဘူး။ သူတို့အရင် တာဝန်ကျခဲ့တဲ့ ယာဉ်ထိန်းအတွက် သူတို့ကိုယ်တိုင်က တာဝန်ခံပြီး ထုချေလွှာတင်တာတွေ၊ အရေးယူခံတာတွေ လုပ်ဖို့ အဆင်သင့် ရှိနေတယ်ဆိုရင်တော့ တရားတာပေါ့။ သူတို့ကို အဲလို ခံခိုင်းကြည့်ပါလား၊ ကျုပ်နဲ့ ဘာဆိုင်လို့တုံးဆိုပြီး ဖုတ်ဖက်ခါပြေးမယ့်သူချည်းပါ။

ဒါပေမယ့် လူထုကိုတော့ မစာမနာ လုပ်နေကြပါတယ်။

ပထမဆုံး တင်ပြထားတဲ့ စာကိုပဲ ကြည့်ရင် ရှင်းပါတယ်။ လိုင်စင်မဲ့ကားကို လွှတ်ပေးလိုက်တာ ထင်ရှားပါတယ်။ ပြီးတော့မှ ဘာမဆိုင် ညာမဆိုင်လူကြားက ဒုက္ခရောက်ပါတယ်။ ဖြစ်တဲ့အချိန်မှာ တစ်ထိုင်တည်း ရှင်းမယ့်အစား၊ ကားကလည်း မောင်းပြေးတာ မဟုတ်ဘဲ ယာဉ်မောင်းလိုင်စင်တောင် သိမ်းနိုင်ခဲ့ပါလျက်ကယ်နဲ့ ချက်ချင်းအရေးမယူခဲ့တာ ယာဉ်မောင်းရဲ့ ပေါ့လျော့မှုမဟုတ်ပါဘူး။ ယာဉ်ထိန်းရဲ့ ညံ့ဖျင်းမှုသာ ဖြစ်ပါတယ်။ လိုင်စင်သိမ်းပြီးမှ ဟိုလူက အမှုလာမဆိုင်တာနဲ့ပဲ မှတ်ပုံတင် သက်တမ်းတိုးတာကို သွားပိတ်တာဟာ ညစ်ရာကျပါတယ်။ ကိုယ်အဖြစ်မရှိတာကို ဝန်မခံဘဲ လက်ပံသားကို ဓားနဲ့ ချိုင်တာပါ။

ကျွန်တော့်အဖြစ်မှာဆိုလည်း ယာဉ်ထိန်းကိုပဲ ယုံလိုက်ပြန်တာပါ။ သူက နတ်မျက်စိ ပိုင်ထားတာကျလို့။ သူမှတ်ထားတဲ့ ယာဉ်နံပါတ်က ခရီးသည်တင် ယာဉ်နံပါတ်ပါ။ သူထင်သလို မှတ်လာတဲ့ နံပါတ်က ဘာမှမဆိုင်တဲ့ ကျွန်တော့် ကိုယ်ပိုင်ယာဉ်ဖြစ်နေပါတယ်။ အဲဒီ့အတွက် ဇယားရှုပ်ရသူက ကျွန်တော်ပါ။ သူတို့ကတော့ ဆောရီးတဲ့။

သိပ်ကို တစ်ဖက်သတ် ဆန်လွန်းနေပါတယ်။ တရားဥပဒေစိုးမိုးရေးကိုလည်း ပြက်ရယ်ပြုရာ ရောက်နေပါတယ်။

ဒါတွေနဲ့ ပတ်သက်လို့ တစ်ခုခုလုပ်သင့်နေပါပြီ။ အထူးသဖြင့် မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးတာနဲ့ သွားချိတ်ထားတာကြီးက တော်တော့်ကို သဘာဝမကျတာပါ။ ခုကာလမှာဆိုရင် မော်တော်ယာဉ်မှတ်ပုံတင် သက်တမ်းကို ၃ နှစ်၊ ၅ နှစ်စသဖြင့်ထိတောင် ပေးနေကြပါပြီ။ ဒါဆိုရင် အမှုတစ်ခုကို ၃ နှစ်စောင့်မှာလား၊ ၅ နှစ်စောင့်ကြမှာတဲ့လား။ အဲဒီ့အတွင်း ကျူးလွန်သူက သေသွားရင်တောင် မော်တော်ယာဉ်ပိုင်ရှင်က ဝက်ကျွန်ခံသင့်သလား။

သည်ကိစ္စအပါအဝင် စည်းကမ်းထိန်းသိမ်းရေး လုပ်ရပ်တိုင်းမှာ တာဝန်ရှိသူတွေအနေနဲ့ လူသားတစ်ယောက်လို စဉ်းစား၊ လူလူချင်း စာနာစိတ်လေးတွေ မွေးပြီးမှ စည်းကမ်းသတ်မှတ်ချက်တွေကို လုပ်သင့်တဲ့အကြောင်း သည်တပတ်မှာ မရဲတရဲထဲကပဲ ဇွတ်မှိတ်ပြောမိရပြန်ပါပြီ။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာတော့ ရသွားလိမ့်မယ် ထင်ပါတယ်ခင်ဗျား။ ။

"လွန်ခဲ့တဲ့ တစ်လကမှ ဝယ်လိုက်တဲ့ ကားပိုင်ရှင်ဟာ အရင်ပိုင်ရှင် ၁၁ လတာအတွင်း ကျူးလွန်ခဲ့သမျှ ပြစ်မှုတိုင်းအတွက် တာဝန်ခံရတာမျိုးဟာ ဖြစ်သင့်သလား၊ မဖြစ်သင့်သလား၊ သူတို့ မစဉ်းစားတော့ဘူး။ သူတို့အရင် တာဝန်ကျခဲ့တဲ့ ယာဉ်ထိန်းအတွက် သူတို့ကိုယ်တိုင်က တာဝန်ခံပြီး ထုချေလွှာတင်တာတွေ၊ အရေးယူခံတာတွေ လုပ်ဖို့ အဆင်သင့် ရှိနေတယ်ဆိုရင်တော့ တရားတာပေါ့။ သူတို့ကို အဲလို ခံခိုင်းကြည့်ပါလား၊ ကျုပ်နဲ့ ဘာဆိုင်လို့တုံးဆိုပြီး ဖုတ်ဖက်ခါ ပြေးမယ့်သူချည်းပါ။"

# ပရဟိတ ကလေးများဘ၀ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့




မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၀၁ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူကလေးပေါင်း (၂၇၀)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၄)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသည်များ လိုအပ်ခြင်း၊ ကျောင်းသူမိန်းကလေးအိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

**အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။**

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
**ရွှေဂုံတိုင်ကမ္ဘောဇဘဏ်**
**ဦးဇဋိလ(A/C No.007-301-00700708002)**ဘဏ်စာရင်းသို့
နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့် ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

**မှတ်ချက်** - **ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။**
**ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။**
- **မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။**

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တော်ဝင်ရိပ်သာနေ
ဦးမြင့်စိုး (ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်သီတာဆွေတို့၏သားငယ်
ဗိုလ်ကြီးအောင်ပြည့်စုံစိုး၏ညီ

**မောင်စိုးဇာနည် @ Sunny**
B.E (Mechanical)
HANKOOK ENGR Pte.Ltd (Singaporeo)

**နှင့်**

လှည်းကူးမြို့၊ အောင်မင်္ဂလာ(၃)လမ်းနေ
ဦးအောင်စိုး(ကျောင်းအုပ်၊ အ. လ. က(ခွဲ)မေယဝတီ)-ဒေါ်ခင်နှင်းဝေတို့၏တစ်ဦးတည်းသောသမီး

**မခိုင်ဝတ်ရည်**
B.E ( Electronic)
LIAN TAT (JACK) ENGR Pte.Ltd (Singapore)

တို့၏ (၁-၃-၂၀၁၆ )ရက် အင်္ဂါနေ့တွင် ပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဦးတင်ထူး(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်)အားလည်းကောင်း၊ ၂-၃-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် လှည်းကူးမြို့ နေအိမ်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်သော နှစ်ဖက်သောဆွေမျိုးများနှင့် လူကြီးမင်းများအားလည်းကောင်း၊ ၅-၃-၂၀၁၆ ရက် (စနေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ချီးမြှင့်ပေးသော ဆည်မြောင်းဦးစီးဌာန ဦးကျော်ဇံဝင်း( ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)နှင့် ဇနီး ဒေါ်ခင်မြသိန်းတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဆည်မြောင်းဦးစီးဌာန ဦးတင့်ဇော် (ဒု-ညွှန်ကြားရေးမှူးချုပ်)နှင့်ဇနီး ဒေါ်နှောင်းလှတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဆည်မြောင်းဦးစီးဌာန ဦးတင်မောင်အေး (ညွှန်ကြားရေးမှူး) နှင့် ဇနီး ဒေါ်သင်းသင်းစိုးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သော လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဇနီး ဒေါ်နွယ်နွယ်ယုတို့၏မိသားစုဝင်များအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ရပ်နီးရပ်ဝေးမှ ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော သမီးလေး သုဘဒ္ဒါနှင့် မနောအေး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော Miss နန်းစန္ဒာလှထွန်း၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးသော မဝင်းရွှေသွေး၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော မောင်တင်ထူးအောင်၊ မောင်ဇင်မင်းကိုကိုထွန်း၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မနန်းကလျာအေး၊ မနှင်းနီနီလင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် စိမ်းမို့မို့၊ မင်္ဂလာခရုချီးမြှင့်ပေးပါသော ဦးချမ်းသာ၊ မင်္ဂလာတေးသံသာများနှင့် သီဆိုဖျော်ဖြေပေးပါသော The Aces Music Band၊ မိတ်ကပ်ဆံပင်ခင်စန်းဝင်း၊ မင်္ဂလာဝတ်စုံ ပြည့်စိုးအောင်၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော မိတ်ကပ် S စီစီနှင့်အဖွဲ့(လှည်းကူး)၊ Pre Wedding ရိုက်ကူးပေးပါသော ကျော်မျိုးအောင်(KMA)၊ မိတ်ကပ်စေတနာခင်၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မိုးကိုဦးနှင့်အဖွဲ့၊ မင်္ဂလာဘိသိက်ပန်းအလှဆင်ပေးသော ကိုဆွေနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်ကူးပေးသော Yuzana Garden Hotel ၊ မင်္ဂလာပွဲအခမ်းအနားကို အစအဆုံးကူညီပေးသော ဦးစိုးသိန်း-ဒေါ်သက်သက်ကျော်၊ မအိအိဖြိုးနိုင်၊ မမနု(ဆည်မြောင်း)၊ မမသင်း(ဆည်မြောင်း)တို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးဇာနည်@Sunny - မခိုင်ဝတ်ရည်**

**အများသိစေရန် ကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်-၅၈၁၊ မြေကွက်တည်နေရာအမှတ်(၅၈၁)၊ နွယ်နီ (၉)လမ်း၊ (ဦးမောင်မောင် စီအက်ဖ် ၀၁၇၉၄၉) အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင် ကွယ်လွန်၍ ပိုင်ဆိုင်စာချုပ် (၁၀၀၂၈/၁၅)ဖြင့်ရရှိသူ ဦးချစ်မောင်[၅/မရန(နိုင်)၀၁၂၂၃၂]၊ ဒေါ်ခင်မြင့်ဝေ[၁၂/တမန(နိုင်)၀၆၇၅၁၉]၊ ဒေါ်ခင်စန်းဝေ[၁၂/ဥကမ(နိုင်)၀၈၇၅၃၃]တို့မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးစိုးမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၄၃ လမ်း၊ အမှတ်(၄၄/B)၊ မြေညီ(ဝဲ)ဘက်(13' x 50')အခန်းအား ဦးဇော်ဝင်း[၁၂/ပဇတ(နိုင်)၀၀၁၈၄၄]ကိုင်ဆောင်သူမှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းမှုအပေါ် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီ၍ ၁၇-၃-၂၀၁၆ ရက်တွင် တိုက်ခန်းရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်အပြီးသတ်ဆောင်ရွက်နိုင်ရန်အလို့ငှာ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူများအနေဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှ ရက်သတ္တပတ် (၁)ပတ်အတွင်း ကျွန်ုပ်ထံခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းအောင်ကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၇၈/၀၂)**
**အမှတ်-၃၃၊ ပထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၄၇၀၈**

# ကန့်ကွက်နိုင်ပါသည်

အမှတ်(၅၆)၊ ၆ လွှာ(ခြေရင်းခန်း)၊ ဓမ္မစိန္တာလမ်း၊ ပုသိမ်ညွှန့်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းကို လက်ရှိတိုက်ခန်းပိုင်ရှင် ဒေါ်ယွန်းမြတ်သူ[၁၁/စတန(နိုင်)၀၆၀၈၈၃]ထံမှ ကျွန်မဒေါ်ဝတ်ရည်ထွန်း[၇/ပမန(နိုင်)၁၂၁၆၈၃]သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးပိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ထွန်း[၇/ပမန(နိုင်)၁၂၁၆၈၃]**
**အမှတ်(၆၆)၊ ၆လွှာ (ခေါင်းရင်းခန်း)၊ ကျောက်မြောင်းဈေးလမ်း၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၁၂၁၁၁**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/အလောင်းစည်သူ၊ မြေကွက်/ဦးပိုင်အမှတ်(၉၇)၊ မြေဧရိယာ(၀. ၁၆၁)ဧက၊ မြေကွက်တည်နေရာအမှတ်(၉၇)၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့ရှိ မြေကွက်အား အမည် ဒေါ်လဲ့လဲ့ဝင်း (ဘ)ဦးချစ်လှိုင်[၉/တကန(နိုင်)၁၂၇၄၈၆]မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ် ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ပြင်ဆင်ဖတ်ရှုပါရန်**

၃-၃-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၇)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၇)ဦးသောင်းစိန်(ခ)သီဟအောင်၏ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်(၁၂/အစန(နိုင်)၀၆၄၆၃၉)အစား(၁၂/စခန(နိုင်)၀၆၄၆၃၉)ဟုအမှန်ဖတ်ရှုပါရန်။

**ခွေးရောင်းမည်**

Alalsakan, Chihuahua, Pomeranian, Domberman,
အင်းခွေးရောင်းမည်။
Ph: 09-31651935


myanmar national airlines
Putao
Khamti
Myitkyina
Hommalin
Bhamo
Kalemyo
Lashio
Monywa
Mandalay
Nyaung U
Kengtong
Sittwe
Heho
Tachileik
Ann
Monghsat
Nay Pyi Taw
Loikaw
Kyaukpyu
Thandwe
Yangon
Pathein
Mawlamyine
Dawei
Myeik
Bokpyin
Kawthaung
Hong Kong
Bangkok
Singapore
Bangkok
Hong Kong
Singapore
မတ်လ(၂၀)ရက်၊ ၂၀၁၆ခုနှစ်မှ စတင်၍မြန်မာအမျိုးသားလေကြောင်းပြည်ပခရီးစဉ်ထွက်ခွာသူများအတွက်
အသစ်ဖွင့်လှစ်သော Terminal (1) ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာမည်ဖြစ်ပါသည်
01-378603 | 01-377840
104, Kanna Road, Kyauktada Township, Yangon. Myanmar
Like us on Myanmar National Airlines
Journey of a lifetime


YANGON aerodrome
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 လေဆိပ်အဆောက်အဦသစ်မှ
မြန်မာအမျိုးသားလေကြောင်းလိုင်း ပြည်ပခရီးစဉ်များ ထွက်ခွာပျံသန်းမှုအတွက်
ဂုဏ်ယူဝမ်းမြောက်ခြင်း
myanmar national airlines
မတ်လ (၂၀) ရက်နေ့တွင် Terminal-1 မှ ပထမဆုံး စတင်ပျံသန်းမည်ဖြစ်သော
မြန်မာအမျိုးသားလေကြောင်းလိုင်းအား Yangon Aerodrome Company Limited မှ ဂုဏ်ယူဝမ်းမြောက်စွာဖြင့်
ကြိုဆိုနှုတ်ခွန်းဆက်သအပ်ပါသည်။
ရွှေမြန်မာနိုင်ငံသို့ လာရောက်သော ခရီးသွားပြည်သူများ၊ ထွက်ခွာမည့် ခရီးသွားပြည်သူများနှင့်
လေကြောင်းလိုင်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများဖြင့်
နွေးထွေးပျူငှာစွာ ကြိုဆိုနေမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
NOTICE – MNA International Flights departure and arrival shall be at T1 Yangon International Airport with effect from 20th March 2016
-----
RGN→SGN departs at 07:15(UB001) SGN→RGN arrives at 14:30(UB002)
RGN→HKG departs at 09:00(UB8027) HKG→RGN arrives at 16:30(UB8028)
RGN→BKK departs at 17:50(UB017) BKK→RGN arrives at 20:50(UB018)

# ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူလုပ်ငန်းရှင် (၁၀၀၀)ဦးအနက် (၅၀)ဦး၏စာရင်းအား ထုတ်ပြန်ကြေညာခြင်းဖြစ်ပါသည်။ ကျန်လုပ်ငန်းရှင် (၉၅၀)ဦးစာရင်းနှင့် ၃၁-၃-၂၀၁၅ ရက်နေ့ နောက်ပိုင်းတွင် ကျသင့်အခွန်များ ပြေကျေစွာထမ်းဆောင်ခဲ့သည့် ကုမ္ပဏီ/လုပ်ငန်းရှင်များစာရင်းကို ပြည်တွင်းအခွန်များဦးစီးဌာန Website ဖြစ်သည့် www.irdmyanmar.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁)၊ (၂)၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်နှင့်မန္တလေး)များတွင် ကြေညာထားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်-

## ၂၀၁၄ - ၂၀၁၅ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်အများဆုံးပေးဆောင်သည့် လုပ်ငန်းရှင် (၅၀) ဦး စာရင်း

| စဉ် | အခွန်ထမ်းအမည် | နေရပ်လိပ်စာ | တိုင်းဒေသကြီး/ပြည်နယ် | လုပ်ငန်းအမျိုးအစား | မှတ်ချက် |
|---|---|---|---|---|---|
| **သန်း ၂၀၀၀၀ အထက်** | | | | | |
| ၁ | Kanbawza Bank Ltd | အမှတ်-၆၁၅/၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| **သန်း ၁၀၀၀၀ အောက်** | | | | | |
| ၂ | Myawaddy Bank Ltd | အမှတ်-၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊ (၈)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၃ | Denko Trading Co.,Ltd | အမှတ်-(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ဗန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၄ | Myawaddy Trading Ltd | အမှတ်-၅၅/၆၁၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၅ | Myanma Economic Holdings Ltd | အမှတ်-၁၈၉/၁၉၁၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Manufac-turing | |
| **သန်း ၅၀၀၀ အောက်** | | | | | |
| ၆ | Global Treasure Bank Public Co.,Ltd | အမှတ်-၆၅၃/၆၉၉၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၇ | International Beverages Trading Co.,Ltd | အမှတ်-၃၃၊ပြည်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| **သန်း ၄၀၀၀ အောက်** | | | | | |
| ၈ | Co-Operative Bank Ltd | အမှတ်-၃၃၄/၃၃၆၊ ၂၃ လမ်းနှင့်ကမ်းနားလမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၉ | Ayeyarwady Bank Ltd | အမှတ်-၁၁၁/၁၁၂၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။ | LTO | Banking | |
| **သန်း ၃၀၀၀ အောက်** | | | | | |
| ၁၀ | Shwe Byain Phyu Co.,Ltd | အမှတ်(၁၀)၊ ရတနာမွန်(၃)လမ်း၊ ၄-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | CCTO | Trading | |
| ၁၁ | Myanmar Apex Bank Ltd | အမှတ်-၂၀၇၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Bank | |
| ၁၂ | Shwe Taung Development Co.,Ltd | အလုံတာဝါ၊ ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Construc-tion | |
| ၁၃ | Asia Green Development Bank Ltd | အမှတ်-၇၃/၇၅၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| ၁၄ | Asia Energy Trading Co.,Ltd | အမှတ်-၁၀၊ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၅ | Benhur Trading Co.,Ltd | အမှတ်-၁/၃၁၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၆ | City Mart Holding Co.,Ltd | အမှတ်-၁/၁၁၊ ပဒုမ္မာကွင်း(အရှေ့ဘက်ခြမ်း)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Trading | |
| ၁၇ | First Private Bank Ltd | အမှတ်-၆၁၉/၆၂၁၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | LTO | Banking | |
| **သန်း ၂၀၀၀ အောက်** | | | | | |
